မင်းဘူးမြို့

ခတ်တော်ကုန်း ရိပ်သာ၌ သီတင်းသုံးလျက် ရှိသော

စတုသစ္စဒ္ဒီ ကမ္မကထာ ကျမ်းပြု

**ဘဒ္ဒန္တရေဝတ အမည်ရှိသော**

သစ္စ ဒီပက ဆရာတော်သည်

စီရင်ရေးသားအပ်သော

# သစ္စ ဒီပက ကထာ

၆၄

မင်းဘူးမြို့ ခတ်တော်ကုန်းတွင်
၁၃၁၉-ခု တန်ခူးလပြည့်ကျော် ၂-ရက် နေ့
ပုံလွှန်တော်မူသော သစ္စ ဒီပက ဆရာတော်
ဘုရားကြီးအား ရည်စူး၍ အထိမ်းအမှတ်
အဖြစ်ဖြင့် ထုတ်ဝေသည်။
အုပ်ရေ—၂၀၀၀

ရန်ကုန်မြို့၊ သုဓမ္မဝတီစာပုံနှိပ်တိုက်။
၁၃၁၉-ခုနှစ်

၂၁၉၉၃

သောတာပန် တည်လိုသော ဥပါသကာ ဥပါသိကာတို့အား
သစ္စာမြင်သိမှု၌ ဝန်မလေးစေဘဲ လျင်မြန်စွာ
ဉာဏ်အမြင် ပေါက်ရောက်စေခြင်းငှါ မင်းဘူးမြို့ ခတ်တော်ကုန်း
ရိပ်သာ၌ သီတင်းသုံးလျက်ရှိသော စတုသစ္စ ဒဋ္ဌိကမှ
ကထာ ကျမ်းပြု

**ဘဒ္ဒန္တရေဝတ အမည်ရှိသော**

**သစ္စဒီပက ဆရာတော်သည်**

စီရင်ရေးသားအပ်သော

# သစ္စဒီပက ကထာ

ဤ စာအုပ်ကို ဓမ္မဒါန ပြုလိုသူများအား ပုံနှိပ် လှူဒါန်းရန်
ခွင့်ပြုပါသည်။

**ရန်ကုန်မြို့ သုဓမ္မဝတီစာပုံနှိပ်တိုက်**
၁၃၁၉-ခုနှစ်

**သုဓမ္မဝတီ-၀၁၁-က**

# စာကြည့်သောပုဂ္ဂိုလ်တို့ အသင့် နှလုံး သွင်းကြပါကုန်

၁။ မြတ်စွာဘုရားသည် ဓမ္မစကြာ သစ္စာ ၄-ပါး ဟောတော်မူရာ၌—

က။ ဣဒံခေါ ပန ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ။

ခ။ ဣဒံခေါ ပန ဘိက္ခဝေ ဒုက္ခသမုဒယံ အရိယ သစ္စံ။

ဂ။ ဣဒံခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓံ အရိယ သစ္စံ။

ဃ။ ဣဒံခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓ ဂါမိနီ ပဋိ ပဒံ အရိယသစ္စံ။

ဤသို့ သစ္စာတိုင်း၌ ဒုက္ခကိုထည့်၍,ထည့်၍,ဟောခြင်း ကား သစ္စာ၏ တထတ္တအနက် ထင်ရှား စေလိုသော ကြောင့် ဟူလို။

၂။ ထိုပြင်-ဇောဂိုတ္တို့ရဲ့ကစ၍ ဇောဒသင်္ဂတ္တို့ရဲ့အထိ အင်္ဂုတ္တရ၏ အဓိပ္ပါယ်ကို မျက်ခြေမပြတ်စေခြင်း ငှါ တဆင့်ထက်တဆင့် လွန်ကဲသော အနက်တို့ ကို ဆက်စပ်၍ ဟောပြတော်မူ၏။

## (ဃ) စာကြည့်ပုဂ္ဂိုလ်တို့ အသင့်နှလုံးသွင်းရန်

၃။ သင်္ချိုင်္ဒိပကဆရာသည် ဤပဟောနည်းမျိုးကို အလွန်နှစ်သက်၏။ ထိုကြောင့် မိမိရေးသားသော ကျမ်းများ၌ ကျမ်း၏အစမှာလည်း သင်္ချာ ၄-ပါးကိုပြ၏၊ အလယ်မှာလည်း ၎င်းနည်း သင်္ချာ ၄-ပါးကိုပြ၏၊ အဆုံးမှာလည်း ၎င်းနည်း သင်္ချာ ၄-ပါးကို ပြ၏။

၄။ ဒုက္ခသင်္ချာကို မှတည်၍ ပြသောအခါမှာလည်း ကျန် သင်္ချာ ၃-ပါးလည်း ပါဝင်အောင်ပြ၏။ သမုဒယသင်္ချာကို မှတည်၍ ပြသည့်အခါမှာလည်း ကျန် သင်္ချာ ၃-ပါးကို ပါဝင်အောင်ပြ၏။ နိရောဓသင်္ချာကို မှတည်၍ ပြသောအခါမှာလည်း ကျန်သင်္ချာ ၃-ပါးကို ပါဝင်အောင်ပြ၏။ မဂ္ဂသင်္ချာပြသည့် အခါမှာလည်း ကျန် သင်္ချာ ၃-ပါးကို ပါဝင်အောင်ပြ၏။

၅။ ရေးသားသမျှသော ကျမ်းတို့၌ အခက်းတိုင်းနေရာတိုင်း၌ ထပ်ခါ ထပ်ခါ အဘယ်ကြောင့် ပြသနည်းဟူမူ။ သင်္ချာသိမှုကား လိုရင်းအချက်ကြီး ဖြစ်သောကြောင့် စာဘတ်ကြသည့်အခါ သင်္ချာညာဏ်အမြင် မျက်ခြေမပြတ် စေခြင်းငှါ မေတ္တာ ကရုဏာ အထူးရှေ့ရှုသော အားဖြင့် ပြခြင်းပင်ဖြစ်၏။ ထိုကြောင့် ထပ်ခါထပ်ခါ ပြရာသလောဟု အပြစ်ကိုမရှုဘဲ အသင့်နှလုံးသွင်းအပ်၏ ဟူလို။

၂၁၉၉၇

## စာကြည့်ပုဂ္ဂိုလ်တို့ အသင့်နှလုံးသွင်းရန် (င)

၆။ အဓိပ္ပါယ်အထူးသော်ကား။ ကျမ်းတိုင်း၌ အခဏ်းတိုင်း၌ သစ္စာကို ထပ်ခါထပ်ခါပင် ပြသော်လည်း တကျမ်းထက်တကျမ်း၊ တခဏ်းထက် တခဏ်း အနက် အဓိပ္ပါယ်များ ပေါ်လွင် ထင်ရှားသဖြင့်၊ ဥပမာ ပဌမကျမ်း၌ မိမိတို့ယုံမှားပယ်မှု မပြီးသေးလျှင် ဒုတိယ-တတိယကျမ်း ကြည့်သည့်အခါ ယုံမှားခြင်းကင်းလေတော့၏။ ဤသို့အားဖြင့် အကျိုးမဟာဖွလ ရကြစေခြင်းငှါ အင်္ဂလိပ်ရှိမှာကဲ့သို့ လွန်ကဲသော အနက် အဓိပ္ပါယ်များ တဆင့်ထက်တဆင့် ထင်မြင်နိုင်ကြစေလိုခြင်းပင် ဟူလို။

သစ္စာ ၄-ပါးကို ထပ်ခါထပ်ခါ ပြခြင်း၌ အသင့်နှလုံးသွင်းကြရန် သတိပေးပုံ ပြီးပြီ။

# သစ္စာ ဒီပက ကထာ

## မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|
| ၁။ | အဘိယာစက နိဒါန်းအမည်နှင့် ဥပယောဇဉ်များ...... ...... ...... | ည |
| ၂။ | ဓမ္မဒါနပြုသူတို့၏ ဝမ်းမြောက်ဘွယ် ကထာ ...... ...... ...... | ဍ |
| ၃။ | နှလုံးသွင်းရန် ဥပယောဇဉ် အမေးအဖြေ | ဍ |
| ၄။ | ဤကျမ်း၏ နိဒါန ကထာ ...... ...... | ဎ |
| ၅။ | ဓမ္မစကြာပါဠိတော် သစ္စာ လေးပါး၏ ပါဌ်နိသျ အဓိပ္ပါယ်များ ...... ...... | ၁ |
| ၆။ | သစ္စာလေးပါးကို ဥပမာဖြင့် ရှုနည်း ...... | ၁၉ |
| ၇။ | မဂ်စိတ် တချက်ဖြင့် မဂ်ကိစ္စလေးပါးပြီးပုံ | ၂၀ |
| ၈။ | သစ္စာလေးပါး အမေးအဖြေ ...... | ၂၁ |
| ၉။ | ဒုက္ခ၏တည်ရာ ချုပ်ရာ ဌာနကို ပြပုံ ...... | ၂၅ |
| ၁၀။ | ဝဋ်သုံးပါးမှ ကျွတ်လွတ်စေတတ်သော ဝိပဿနာ ကိုယ်တွေ့ရှုပုံ ...... ...... | ၂၆ |

## မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|
| ၁၁။ | အဝိဇ္ဇာ တဏှာ မူလ ၂-ပါးကို ချုပ်အောင် ရှုနည်း ...... ...... | ၂၆ |
| ၁၂။ | ပုထုဇဉ်နှင့် အရိယာတို့၏ စိတ် အခြေ အနေကိုပြပုံ ...... ...... ...... | ၃၃ |
| ၁၃။ | မိမိတို့ စိတ်ယုံမှားမှုများ ကင်းမကင်း ပစ္စဝေက္ခဏာဖြင့် ချိန်ထိုးကြည့်ပုံ ...... | ၃၅ |
| ၁၄။ | မိမိသည် နိရောဓသစ္စာ နိဗ္ဗာန်ကို မျက်မှောက်ပြု ပြီး မပြီး ဆင်ခြင်ပုံ ...... | ၄၀ |
| ၁၅။ | သစ္စာလေးပါးကို ဓမ္မသင်္ဂဏိ အဋ္ဌကထာ အရ အဏ္ဏ ဓမ္မ ခွဲခြားပြပုံ ..... ...... | ၄၂ |
| ၁၆။ | သစ္စာလေးပါးကို ဓမ္မဝဝတ္ထာန်ဖြင့် ၅-ဌာန မိုင်းခြားပြပုံ ...... ...... ...... | ၄၆ |
| ၁၇။ | သစ္စဉာဏ် ကိစ္စဉာဏ် ကတဉာဏ်များ နှင့် ပြည့်စုံပြီဟူ၍ လူ,နတ်,ဗြဟ္မာတို့အား မြတ်စွာဘုရား ဝန်ခံတော်မူပုံ ...... | ၄၇ |
| ၁၈။ | ပုထုဇဉ် လူ,နတ်,ဗြဟ္မာတို့ ကိုယ့်အဘာတ် နှင့် ကိုယ်ပတ်နေပုံ ...... ...... | ၅၀ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|
| ၁၉။ | အရိယာတို့မှာ ကိုယ့်အတတ် ကိုဖြေသဖြင့် ကိုယ့်အပတ် ပြေသောကြောင့် ဝိမောက္ခ သို့ ရောက်တော်မူကြပုံ ...... ...... | ၅၁ |
| ၂၀။ | ရှေး သူတော် ကောင်းတို့သည် ပစ္စုပ္ပန် သမုဒယကြောင့် ပစ္စုပ္ပန်၌ ရရှိသော ဒုက္ခ တို့ကို ငြီးငွေ့သဖြင့် ပစ္စုပ္ပန်မှာပင်ဝိမောက္ခ သို့ ရောက်အောင် အားထုတ်ကြပုံ ...... | ၅၅ |
| ၂၁၊ | သောတာပန် အမေးအဖြေ ...... | ၅၇ |

# အဘိဓာယာစကား နိဒါန်းနှင့် ဥယျောဇဉ်များ

ရန်ကုန်မြို့ ပြည်ထဲရေးဌာန အတွင်းဝန် ဦးချမ်းသာ မင်းကတော် ဒေါ်သစ်သစ်တို့က ဓမ္မစကြာတွင် လိုရင်း ပါဠိအနက်နှင့် အဓိပ္ပါယ်များကို လွယ်ကူစွာ မှတ်ယူနိုင်ခြင်းငှါ ရေးသား ချီးမြှင့်တော် မူပါမည့် အကြောင်း လျှောက်ထား တောင်းပန်ချက်အရ၊ မင်းဘူးမြို့၊ ဓာတ်တော်ကုန်း၌ သီတင်းသုံးလျက်ရှိသော စတုသစ္စ ဒဋ္ဌိကမ္မကထာကို ရေးသား ပုံနှိပ်ထုတ်ဝေခဲ့သော ဘဒ္ဒန္တ ရေဝတ အမည်ရှိသော သစ္စဒီပက ဆရာတော်သည် လာဘ သက္ကာရစသော နှလုံးသွင်းတို့ကို နစ်စေလျက်၊ မြတ်စွာဘုရား အလိုတော်အရ မေတ္တာ ပုဗ္ဗင်္ဂမဖြင့် **သစ္စဒီပက** အမည်ရှိသော ဤကျမ်းကို ရေးသားရပေသတည်း။

## သတိပြုရန်

သုတ္တန် ဒေသနာ ဓမ္မစကြာအရ သစ္စာမြင်သိနည်း,မဂ်တက်နည်း, သတိပဋ္ဌာန်အရ အားထုတ်၍ သစ္စာမြင်သိနည်း မဂ်တက်နည်း ဝိပဿနာဉာဏ် ၁၀-ပါး၊ ဝိသုဒ္ဓိ ၇-ပါးဖြင့် သစ္စာမြင်သိနည်း စသည် နည်းအမျိုးမျိုးရှိ၏။ မိမိတို့စရိုက်နှင့်လျော်စွာ မဂ်တက်နည်း အားထုတ်သဖြင့် မဂ်ကိစ္စ ပြီးခြင်းသာလျှင် ပဓာနဖြစ်ကြောင်း သတိပေးလိုက်ရပေသည်။

## ဓမ္မဒါန ပြုသူတို့၏ ဝမ်းမြောက်ဘွယ် ကထာ

.သစ္စာ ၄-ပါးကို နှုတ်ဖြင့်ပြောဟော သည်ဖြစ်စေ၊ ကျမ်းစာပုံနှိပ်၍ ပေးလှူသည်ဖြစ်စေ၊ သိခါပတ္တဟူသော အထွတ်အထိပ်သို့ ရောက်သော ဓမ္မဒါနမည်ပုံ။

ဣမေဓမ္မာ အဘိညေယျာ၊ ဣမေဓမ္မာ ပရိညေယျာ၊ ဣမေဓမ္မာ ပဟာတဗ္ဗာ၊ ဣမေဓမ္မာ သစ္ဆိကာတဗ္ဗာ၊ ဣမေဓမ္မာ ဘာဝေတဗ္ဗာတိ သစ္စာနိ ဘာဝေန္တော အမတာဝိဂမံ ဓမ္မံ ကထေတွာ ဒေတိ၊ ဣဒံ သိခါပတ္တ ဓမ္မဒါနံနာမ။

(ဓမ္မကထိက သံယုတ် အဋ္ဌကထာ)

ဣမေဓမ္မာ၊ ဤဒုက္ခ သမုဒယ နိရောဓ မဂ္ဂ ဟူသော သစ္စာ ၄-ပါးတို့သည်။ အဘိညေယျာ၊ ထူးသော မဂ်ဉာဏ်ဖြင့် သိအပ်သော တရားတို့သည်သာတည်း။

ဣမေဓမ္မာ၊ ဤဒုက္ခသစ္စာတရားတို့သည်။ ပရိညေယျာ၊ ဇာတိပိဒုက္ခာ စသဖြင့် ပိုင်းခြား၍ သိအပ်သော ကိစ္စရှိသော တရားတို့သည်သာတည်း။

ဣမေဓမ္မာ၊ ကာမတဏှာ ဘဝတဏှာ စသော သမုဒယသစ္စာတို့သည်။ ပဟာတဗ္ဗာ၊ ပယ်အပ်သော ကိစ္စရှိသော တရားတို့သည် သာတည်း။

ဣမေဓမ္မာ၊ ဒုက္ခနိရောဓသစ္စာ နိဗ္ဗာန်တို့သည်။ သစ္ဆိကာတဗ္ဗာ၊ မျက်မှောက်ပြုအပ်သော ကိစ္စရှိသော တရားတို့သာတည်း။

ဣမေဓမ္မာ၊ သမ္မာဒိဋ္ဌိစသော မဂ္ဂင်ရှစ်ပါးတို့သည်။ ဘာဝေတဗ္ဗာ၊ ပွားများအပ်သော ကိစ္စရှိသော တရားတို့ သည်သာတည်း။

ဣတိ၊ ဤသို့။ သစ္စာနိ၊ သစ္စာတို့ကို။ ဘာဝေန္တော၊ သစ္စ ဉာဏ် ကိစ္စဉာဏ်နှင့် တကွ ထင်စွာပြလျက်။ အမတာဓိဂမံ၊ အမတာဓိဂမနုပဋိပဒံ၊ သေခြင်းကင်းရာ နိဗ္ဗာန်ကို ရောက်ကြောင်းဖြစ်သော မဂ်အကျင့်ကို။ ကထေတွာ၊ နှုတ်ဖြင့် ပြောဟော၍။ ဒေတိ၊ တရား အလှူကိုပေး၏။ တနည်း။ ဒေတိ၊ ကျမ်းစာအုပ် ပြုလုပ်ပုံနှိပ်၍ ပေးလှူ၏။ ဣဒံ၊ ဤသို့ပေးလှူခြင်းသည်။ သိခါပတ္တ ဓမ္မဒါနံနာမ၊ အထွတ်အထိပ်သို့ရောက်သော ဓမ္မဒါနမည်၏။ ဝါ၊ အမြတ်ဆုံး ဓမ္မဒါနမည်၏။

ဓမ္မဒါန ပြုသူတို့၏ ဝမ်းမြောက်ဘွယ်
ဓမ္မကထာ ပြီးပြီ။

## နှလုံးသွင်းရန် ဥပဒေပျော်ဇဉ် အမေးအဖြေ

မေး။ သင်သည် အဘယ့်ကြောင့် ဒါန သီလ ဘာဝနာကို အားထုတ်ပါသနည်း။

ဖြေ။ ဇာတိစသော ဒုက္ခချုပ်ငြိမ်း လိုသောကြောင့် အားထုတ်ပါသည်။ (ဤ၌-ဇာတိချုပ်လို၍ ဆိုသောစကားနှင့် နိဗ္ဗာန်ကို မျက်မှောက် ပြုလို၍ ဆိုသော စကားအဓိပ္ပါယ် အတူတူပင်တည်း။ ဇာတိချုပ်ခြင်းသည် အဇာတနိဗ္ဗာန်မည်၏။ နိဗ္ဗာန်ကို လျင်စွာ မြင်သိကြစေခြင်းငှါ အဇာတကို ပြရပေသတည်း)။

မေး။ ခန္ဓာ ဇာတိရှိလျှင် ဘယ်သို့ အပြစ်ရှိပါသနည်း။

ဖြေ။ ခန္ဓာ ဇာတိရှိလျှင် အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာ အိုခြင်း နာခြင်း သေခြင်း ပူပန်ကြောင့်ကြရခြင်း၊ အပါယ်လား တတ်ခြင်းစသော ဘေးတို့ကို မြင်သိသောကြောင့် ဇာတိချုပ်လိုပါသည်။

မေး။ ဇာတိချုပ်လျှင် ဘယ်သို့ အကျိုးရှိပါသနည်း။

ဖြေ။ ဇာတိချုပ်လျှင် ထိုထို အလုံးစုံသော ဒုက္ခတို့မှ ကင်းလွတ်ပါသည်။ ထိုကြောင့် ဇာတိ ချုပ်လိုပါသည်။

မေး။ ဖြစ်လိုသော ဆန္ဒဖြင့် ကောင်းမှုပြုလျှင် ဘယ်ကဲ့သို့သော အကျိုးကို ရပါမည်နည်း။

ဖြေ။ ဥပမာ-လူမင်း နတ်မင်း ဗြဟ္မာမင်း ဖြစ်လိုသဖြင့် ၎င်းနှင့်လျော်သော ကောင်းမှုပြုက ၎င်းနှင့် လျော်သော အကျိုးကို ရနိုင်ပါသည်။

မေး။ ဇာတိချုပ်လိုသော ဆန္ဒဖြင့် ဒါန သီလ ဘာဝနာ စသည်ကိုပြုက ဇာတိချုပ်ပါမည်လော။

ဖြေ။ မဖြစ်လိုသော အလောဘဖြင့် ကောင်းမှုပြုလျှင် "အလောဘေန ဇာတိဒုက္ခံ န ဟောတိ" ဟူသော အဋ္ဌသာလိနီပါဠ် အရ၊ ဖြစ်မှု ချုပ်ငြိမ်းသော အကျိုးကို ရပါသည်။ ဝါ၊အဇာတ နိဗ္ဗာန်ကို ရနိုင် ပါသည်။

(အဘိယာစက နိဒါန်းနှင့် ဥယျောဇဉ်များ ပြီးပြီ)။

---

ဤကျမ်း၏ နိဒါနကထာကို မွေသက်ဏိ အဋ္ဌကထာ အရ ပြပါအံ့......

(က) အဒိဋ္ဌာဒီနဝံ ကိဉ္စိ ပဟာတုံ၊
ယဿ န သက္ကာ။

အဒိဋ္ဌာဒီနဝံ၊ မမြင်အပ်သော အပြစ်ရှိသော။ ဝါ၊ ကာမတဏှာ ဘဝတဏှာတို့ကြောင့် ဇာတိစသော ဒုက္ခ အပါယ်သို့ကျရောက်တတ်သော အပြစ်အာဒီနဝကို မမြင် မသိသော။ ယဿ၊ အကြင်သူအား။ ကိဉ္စိ၊ တစုံတခုသော ဒုစရိုက်ကို။ ဝါ-ကာမတဏှာစသည်ကို။ ပဟာတုံ၊ ပယ်-

အံ့သောငှါ။ နသက္ကာ၊ မတတ်ကောင်း။ ဝါ၊ပယ်လိုသော စိတ်ဖြစ်မည်မဟုတ်။

၁။ ဥပမာအားဖြင့် ဆိုရလျှင် ဇာတိဒုက္ခာဟူသော ပဋိသန္ဓိဒါမဂ်ပါဠိအရ ဇာတိရှိက ဇရာမရဏ စသော ဒုက္ခကို မသိမမြင်လျှင် အဘယ်မှာလျှင် ဇာတိချုပ်ငြိမ်း လိုသောစိတ် ဖြစ်နိုင်တော့မလဲ။

၂။ ယင်းသို့ ဇာတိချုပ်လိုသော စိတ်မှ မဖြစ်လျှင် အဘယ်မှာလျှင် ဇာတိစသော ဒုက္ခတို့မှ ကင်းလွတ်ခြင်း ငှါ အားထုတ်တော့မလဲ။

၃။ ယင်းသို့ အားထုတ်မှု မရှိခဲ့လျှင် အဘယ်မှာလျှင် ဇာတိကန္တာရ ဇရာကန္တာရ မရဏကန္တာရတို့မှ လွန် မြောက်နိုင်တော့မလဲ။ ဒုက္ခမှ မလွတ်ပုံ အဓိပ္ပါယ် ပြီးပြီ။

( ခ ) အဝိဒိတာနိသံသံ ကိစ္စံ အဓိဂန္တုံ
ယသ္မာ န သက္ကာ။

အဝိဒိတာနိသံသံ၊ မသိအပ်သော အကျိုး အာနိသင်ရှိ သော။ ဝါ၊ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ သမ္မာဝါစာ သမ္မာ ကမ္မန္တ သမ္မာအာဇီဝ စသော မဂ်အံကျင့်ကို ကျင့်က မဂ် ဖိုလ်နိဗ္ဗာန်ကို ရနိုင်၏ဟု မမြင်မသိသော။ ယသ္မာ၊ အကြင် သူအား။ ကိစ္စံ၊ တစုံတခုသော ကောင်းမှုကို။ ဝါ-မဂ် အကျင့်ကို။ အဓိဂန္တုံ၊ အားထုတ်ခြင်းငှါ။ နသက္ကာ၊ မတတ်ကောင်း။ ဝါ-အားထုတ်လိုသောစိတ် ဖြစ်မည် မဟုတ်။ အဇာတိသုခံ ဟူသော ပဋိသန္ဓိဒါမဂ်ပါဠိအရ

# နိဒါန်း

ဇာတိချုပ်မှ နိဗ္ဗာန်သုခဟု မြင်သိလျှင် အဘယ်မှာလျှင် မဂ်အကျင့်ကို မကျင့်ဘဲ ရှိတော့အံ့နည်း။ မဂ်အကျင့်အား ကျင့်ခဲ့လျှင် အဘယ်မှာလျှင် အဇာတိသုခံ ဟူသောပါဠိ အရ ဇာတိချုပ်သော နိဗ္ဗာန်သုခကိုမရဘဲ ရှိနိုင်တော့အံ့ နည်း။ ဒုက္ခမှလွတ်ပုံ အဓိပ္ပါယ်ပြီး၏။

ထို့ကြောင့် အကျိုးအပြစ်ကို သိစေတတ်သော ဗဟု သုတရှိရန် အရေးကြီး၏။ သို့မှသာလျှင် အကျိုးမရှိမှုကို ရှောင်ကြဉ်၍ အကျိုးရှိမှုကို အားထုတ်လိုသောစိတ် ဖြစ် နိုင်မည်ဟူလို။ ထိုထိုဗဟုသုတ တို့တွင်လည်း သစ္စာ ၄-ပါးကို အဋ္ဌ ဓမ္မ အကျိုးအကြောင်းတို့ဖြင့် ဝေဘန်နိုင် သော ဗဟုသုတသည် အရေးကြီး၏။

ထို့ကြောင့် ဓမ္မစကြာ၌ ဟောတော်မူသော သစ္စာ ၄-ပါးကို အဋ္ဌပဋိသမ္ဘိဒါ၊ ဓမ္မပဋိသမ္ဘိဒါဖြင့် ဝေဘန်၍ သင်္ခိပကကထာ ဟူသော အမည်ဖြင့် ပြပေအံ့။ အသင့် နှလုံးသွင်းဖြင့် သစ္စာ ၄-ပါးတို့၌ ယုံမှားခြင်းကို လျင်စွာ ပယ်ဖျောက်နိုင်သည်ဖြစ်၍ သောတာပန် စသည် တည် နိုင်ကြပါစေ ကုန်သော်။

ကျမ်း၏ နိဒါန်း ပြီးပြီ။



# သစ္စဒီပက ကထာ

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

**ရတနတ္တယံ အဟံ ဝန္ဒာမိ။**

ရတနတ္တယံ၊ ရတနာသုံးပါး အပေါင်းကို။ အဟံ၊ အကျွန်ုပ် ဘဒ္ဒန္တ ရေဝတ အမည်ရှိသော သစ္စဒီပက မထေရ်သည်။ ဝန္ဒာမိ၊ ရှိခိုးပါ၏ ဘုရား။

---

သစ္စာ ၄-ပါးဟူသည် အဘယ်သို့ပါနည်း။
ဓမ္မစကြာ ပါဠိတော်၌—

ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခံအရိယသစ္စံ၊ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ ဗျာဓိပိ ဒုက္ခော၊ မရဏမ္ပိ ဒုက္ခံ၊ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ယမ္ပိစ္ဆံ နလဘတိ၊တမ္ပိ ဒုက္ခံ၊ သံခိတ္တေန ပဉ္စုပါဒါ နက္ခန္ဓာပိ ဒုက္ခာ၊

ဒုက္ခ သစ္စာ ပြီးပြီ။

သုဓမ္မာဝတီ-၈၁၁-၁

ဣဒံ ခေါပန ဘိက္ခဝေ ဒုက္ခသမုဒယံ အရိယသစ္စံ၊ ယာယံ တဏှာ ပေါနော္ဗ္ဘဝိကာ နန္ဒိရာဂ သဟဂတာ တတြ တတြာ ဘိနန္ဒိနီ၊ သေယျထိဒံ၊ ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာ။

သမုဒယ သစ္စာ ပြီးပြီ။

---

ဣဒံခေါပန ဘိက္ခဝေ ဒုက္ခနိရောဓံ အရိယသစ္စံ၊ ယော တဿာယေဝ တဏှာယ အသေသ ဝိရာဂ နိရောဓော စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိ အနာလယော။

နိရောဓ သစ္စာ ပြီးပြီ။

---

ဣဒံ ခေါပန ဘိက္ခဝေ ဒုက္ခနိရောဓ ဂါမိနီ ပဋိပဒါ အရိယသစ္စံ အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ၊ သေယျထိဒံ၊ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပေါ, သမ္မာဝါစာ, သမ္မာကမ္မန္တော, သမ္မာ အာဇီဝေါ, သမ္မာဝါယာမော, သမ္မာသတိ, သမ္မာသမာဓိ။

မဂ္ဂ သစ္စာ ပြီးပြီ။

---

**သစ္စာ အနက်**

၁။ ဘိက္ခဝေ၊ ရဟန်းတို့။ ဇာတိပိ၊ ပဋိသန္ဓေ နေရခြင်းသည်လည်း။ ဒုက္ခာ၊ ဆင်းရဲ၏။ ဇရာပိ၊ ဆိုးရွား ဟောင်းမြင်း အိုမင်း ရခြင်းသည်လည်း။ ဒုက္ခာ၊ ဆင်းရဲ၏။ ဗျာဓိပိ၊ ဖျားနာရခြင်းသည်လည်း။ ဒုက္ခော၊ ဆင်းရဲ၏။ မရဏမ္ပိ၊ သေရခြင်းသည်လည်း။ ဒုက္ခံ၊ ဆင်းရဲ၏။

အပြိယေဟိ၊မချစ် မနှစ်လိုအပ်သော ဝေရိသတ္တဝါ, သင်္ခါ ရ, ရူပ သဒ္ဒ စသော အာရုံတို့နှင့်။ သမ္ပယောဂေါ၊ အတူ တကွ ပေါင်းဖေါ် တွေ့ဆုံရခြင်းသည်။ ဒုက္ခော၊ ဆင်းရဲ ၏။ ပိယေဟိ၊ ချစ်နှစ်လိုအပ်သော သတ္တဝါ, သင်္ခါရ, ပိယပုဂ္ဂိုလ်တို့နှင့်။ ဝိပ္ပယောဂေါ၊ ကွေကွင်း ရခြင်းသည်။ ဒုက္ခော၊ ဆင်းရဲ၏။ ယမ္ပိစ္ဆံ၊ အကြင် ပဋိသန္ဓေနေရခြင်း, အိုခြင်း, နာခြင်း, သေခြင်း, ပူပန် ကြောင့်ကြခြင်း စသော သဘောတရားတို့ငါ့အားမဖြစ်ပါမူကား ကောင်း လေစွ စသည်ဖြင့် တောင့်တသော်လည်း။နလဘတိ၊မရ။ တမ္ပိ၊ ထိုတောင့်တအိုင်း မရခြင်းသည်လည်း။ ဒုက္ခံ၊ ဆင်းရဲ၏။ သံခိတ္တေန၊ အကျဉ်းအားဖြင့်။ပဥ္စ၊ငါးပါးကုန် သော။ ဥပါဒါနက္ခန္ဓာပိ၊ ဥပါဒါနက္ခန္ဓာ၏ ရှိနေရခြင်း တို့ သည်လည်း။ ဒုက္ခာ၊ ဆင်းရဲကုန်၏။ ရှာဒံ ခေါပန ဓမ္မဇာ တံ၊ ဤဇာတိ စသော ဒုက္ခသည်။ ဒုက္ခံ၊ ဒုက္ခသစ္စာဖြစ် သော။ အရိယသစ္စံ၊ အရိယာတို့သည် သိအပ်သော သစ္စာမည်၏။ ။ဤဒုက္ခမျိုးနှင့် တွေ့ကြုံပုံမှာ တကမ္ဘာ အတွင်းမှာပင် မရေမတွက်နိုင်၊ ခံခဲ့ရသော ကမ္ဘာပေါင်း ကိုလည်း မရေတွက်နိုင်။ ထိုကြောင့် အကျဉ်းအားဖြင့် မှတ်ရန် ''ဥပ္ပါဒေါဒုက္ခံ၊ ဥပ္ပါဒေါဘယံ၊ ဇာတိဒုက္ခံ'' စသည်ကို ရှု၍ ဖြစ်ခြင်းကင်းသော အနုပ္ပါဒ အဇာတ နိဗ္ဗာန်သို့ ရောက်အောင် အားထုတ် ကြသင့်ပေသည် ဟူ လို။သတိပြုရန် ပရမတ္ထ သစ္စာအားဖြင့် ဒုက္ခ သစ္စာသာ ရှိ၏။ ပုဂ္ဂိုလ် သတ္တဝါ မရှိပေ။ ပုဂ္ဂိုလ် သတ္တဝါကား ပညတ်မျှသာဟူလို။

ဗာဓနလက္ခဏံ ဒုက္ခသစ္စံ၊ သန္တာပနရသံ၊ ပဝတ္တိပစ္စုပ္ပဋ္ဌာနံ။ ။ဒုက္ခသစ္စံ၊ ဒုက္ခသစ္စာသည်။ ဗာဓနလက္ခဏံ၊ ညှဉ်းပန်း နှိပ်စက်ခြင်းလက္ခဏာရှိ၏။ သန္တာပနရသံ၊ ပူပန်ခြင်းကိစ္စရှိ၏။ ပဝတ္တိ ပစ္စုပ္ပဋ္ဌာနံ၊ ဇာတိစသည် ဖြစ်ခြင်းရှိသောကြောင့်ဟု ဉာဏ်အား ရှေးရှုထင်၏။ဤ၌ ဒုက္ခဟူသည် ဖြစ်မှုရှိသောကြောင့် ဟု ပြ၏။ ဖြစ်မှုမရှိလျှင် ဒုက္ခမရှိဟူလို။ တရားအားထုတ်သော ပုဂ္ဂိုလ်တို့မှာ တဏှာပယ်မှု ကိစ္စရှိ၏။ ထိုတဏှာကို ပယ်လိုက မိမိခန္ဓာ ဇာတိစသော ဒုက္ခတို့ကိုရှုအပ်၏။ "ဒုက္ခမြင်သိ တဏှာကွာ နိရောဓသို့သော ညွတ်သည့် မဂ်စိတ်" ဟူသော ကထာအရ၊ ဇာတိ စသည်တို့ကို ဒုက္ခဟု မြင်သိသောကြောင့် ဇာတိ နိရောဓ နိဗ္ဗာန်ကိုအာရုံပြုသော မဂ်စိတ်ဖြင့် တဏှာကို ချုပ်စေရကား လိုရင်း မဂ်ကိစ္စ ပြီးလေတော့၏။

ထို့ကြောင့် ထိုဒုက္ခတို့ကိုပင် ရှေးဦးစွာ မရှုဘဲ၊တခြားထွေထွေရာရာတွေတို့ကို ရှု၍နေက သံဝေဂမရ ကိစ္စမပြီး အချည်းနှီး အချိန်ကုန် တတ်၏။ ပဉ္စဝဂ္ဂီ ၅-ဦး တို့သည် ထိုဒုက္ခတို့ကို မြင်သိသော သံဝေဂကြောင့် တဏှာ ပယ်မှုနှင့် တကွ မဂ်ကိစ္စပြီး၍ သောတာပန် တည်ကြပါသည်။ ထို့ကြောင့် ထိုဒုက္ခတို့ကို ရှေးဦး ရှုကြပါဟူလို။

ပဉ္စုပါဒါနက္ခန္ဓာ ဟူ၍ ဟောတော်မူသောကြောင့် ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်ဟူသော ခန္ဓာ ၅-ပါးကို သိခြင်း၌ ပြဦးအံ့။

ပြပုံ။ ။ဆံပင် စသော ပထဝီဓာတ် ၂၀။ သည်းခြေ စသော အာပေါဓာတ် ၁၂။ သန္တပ္ပန စသော တေဇောဓာတ်-၄။ ဥဒ္ဓင်္ဂမ စသော ဝါယောဓာတ်-၆။ ပေါင်း ၄၂-ကောဋ္ဌာသနှင့် စက္ခု သောတ ဃာန ဇိဝှါ ကာယ ဘာဝ ဟဒယတို့သည် ရုပ်မည်၏။ ရုပ် 'အစေတနော အဗျာကတော သုညော နိဿတ္တော နိဇ္ဇီဝေါ' ဟူသော ပါဠိအရ၊ ရုပ်၌ သိတတ် မှတ်တတ် စေ့ဆော်တတ်သော သဘောမရှိပေ၊ ရုပ္ပနလက္ခဏံ ရူပံ ဟူသောပါဠိအရ၊ အချမ်း အပူစသည် ဖေါက်ပြန်တတ်၏။ ရုပ်သည် လက်သမား စိမံရာ ခံရသော ရှူးဆောက် ကိရိယာကဲ့သို့ နာမ်စိမံရာ ခံရ၏။

ရုပ်အဓိပ္ပါယ် ပြီးပြီ။

---

'နမန လက္ခဏံ နာမံ' ဟူသော ပါဠိအရ၊ အာရုံကို ညွတ်သိတတ်သောကြောင့်နာမ်မည်၏။နာမ်ခန္ဓာ ၄-ပါးရှိ၏။ သုခ ဒုက္ခ ဥပေက္ခာ အားဖြင့် ခံစား တတ်သောကြောင့် ဝေဒနာက္ခန္ဓာ မည်၏။ အာရုံကို အမှတ်ပြု၍ သိတတ်သောကြောင့် သညာက္ခန္ဓာမည်၏။ဝေဒနာ သညာမှ ကြွင်းသော စေတသိက် ၅၀-သည် သင်္ခါရက္ခန္ဓာမည်၏။ 'အဘိသင်္ခရောန္တီတိ သင်္ခါရာ' ဟူသောပါဠိအရ ကုသိုလ် အကုသိုလ် အားဖြင့် ပြုပြင်တတ်သောကြောင့် သင်္ခါရက္ခန္ဓာတို့ မည်၏။ ထို သင်္ခါရက္ခန္ဓာ ၅၀-တို့တွင် လောဘ ဒေါသ မောဟ အကုသိုလ် ဟိတ် ၃-ပါးသည် အကုသိုလ်ကို ဖြစ်စေ၏။ အပါယ်သို့ချ၏။ အလောဘ

အဒေါသ အမောဟဟူသော ကုသိုလ်ဟိတ် ၃-ပါးသည် ကောင်းမှုကို ဖြစ်စေတတ်၏။ လူနတ်ပြဟ္မာ ချမ်းသာကို ရစေတတ်၏။ 'စိတ္တံ ဝိညာဏက္ခန္ဓော။' ဟူသော ပါဠိအရ၊ စိတ် ၈၉-သည် ဝိညာဏက္ခန္ဓာမည်၏။ 'ဝိဇာနနလက္ခဏံ ဝိညာဏံ' ဟူသော ပါဠိအရ အာရုံကို သိတတ်သောကြောင့် စိတ် မည်၏။ 'မနောပုဗ္ဗင်္ဂမာ ဓမ္မာ' ဟူ၍ စိတ်ကို အကြီးအမှူး ပြု၍ ဟောသည့်အရာ၌ "စိတ္တေန နီယတိ လောကော၊ စိတ္တေန ပရိကဿတိ။ စိတ္တဿ ဧကဓမ္မဿ၊ သဗ္ဗေဝ ဝသ မန္ဝဂူ" ဟူသော ဓမ္မသင်္ဂဏိ အဋ္ဌကထာ ပါဠိအရ။ လောကော၊ သတ္တလောကကို။ စိတ္တေန၊ စိတ်ဖြင့်။ နီယတိ၊ ဆောင်၏။ လောကော၊ လောကကို။ စိတ္တေန၊ စိတ်ဖြင့်။ ပရိကဿတိ၊ ဆွဲငင်၏။ စိတ္တဿ၊ စိတ်ဟုဆိုအပ်သော။ ဧကဓမ္မဿ၊ တခုသောတရား၏။ ဝသံ၊ အလိုသို့။ သဗ္ဗေဝ၊ အလုံးစုံလည်း ဖြစ်သော လူနတ်ပြဟ္မာတို့သည်။ အန္ဝဂူ၊ အစဉ် လိုက်ရကုန်၏။ ထိုစိတ်ကို မဂ်အကျင့်ဖြင့် ကောင်းစွာ ဆုံးမနိုင်ခဲ့လျှင်လည်း မဂ်ဖိုလ် စသော ကြီးစွာသော အကျိုးကို ရနိုင်ပုံ အင်္ဂုတ္တိုရ်၌......

> စိတ္တံ ဘိက္ခဝေ ဒန္တံ ဂုတ္တံ ရက္ခိတံ မဟာတော
> အတ္ထာယ သံဝတ္တတိ။

ဘိက္ခဝေ၊ ရဟန်းတို့။ ဝါ၊ သူတော်ကောင်းတို့။ ဒန္တံ၊ ယဉ်ကျေးသော။ ဂုတ္တံ၊ လုံခြုံသော။ ရက္ခိတံ၊ ရာဂ ဒေါသ စသည်တို့ မကျူးရောက်ရအောင် ကောင်းစွာ

စောင့်ရှောက်သော။ စိတ္တံ၊ စိတ်သည်။ မဟာတော၊ ကြီး စွာသော။ အတ္တာယ၊ မင်္ဂဖိုလ် နိဗ္ဗာန် အကျိုး၌။ သံ ဝတ္တတိ၊ ဖြစ်၏။

အဓိပ္ပါယ်......စိတ်ဖေါက်ပြန်မှု ဟူသော စိတ္တ ဝိပလ္လာ သသို့ မကျမရောက်ရန် ကောင်းစွာ စောင့်ရှောက်နိုင် ပါက စိတ် တပါးနှင့် မင်္ဂဖိုလ် ရနိုင်၏ ဟူလို။

ထိုစိတ် စေတသိက် ရုပ်တို့၌ အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာ ပါရှိနေသောကြောင့် ပဥ္စုပါဒါ နက္ခန္ဓာဝိ ဒုက္ခာဟု ဟောတော်မူ၏ ဟူလို။

ဒုက္ခသစ္စာကို မြင်သိက သက္ကာယဒိဋ္ဌိ ချုပ်ရပုံ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌—

ဒုက္ခဉာဏံ ပရိယုဋ္ဌာနာဘိ ဘဝနဝသေန ပဝတ္တံသက္ကာ ယ ဒိဋ္ဌိံ နိဝတ္တေတိ၊ကာဿာ သုဒ္ဓသင်္ခါရ ပုဉ္စ ဒဿနတော။

ဒုက္ခဉာဏံ၊ ဒုက္ခသစ္စာကို သိသော ဉာဏ်သည်။ ပရိ ယုဋ္ဌာနာဘိ ဘဝန ဝသေန၊ ဒိဋ္ဌိစသော ကိလေသာတို့ ထိုးကျင့် နှိပ်စက်ခြင်း အစွမ်းကြောင့်။ ပဝတ္တံ၊ ဖြစ်သော။ သက္ကာယ ဒိဋ္ဌိံ၊ သက္ကာယ ဒိဋ္ဌိကို။ ဝါ၊ ငါ့ကိုယ် ရှိ၏ဟု ယူသောအယူကို။ နိဝတ္တေတိ၊နစ်စေ၏။ ကာဿာ၊ အဘယ် ကြောင့်နည်း ဟူမူကား။ သုဒ္ဓ သင်္ခါရပုဉ္စ ဒဿနတော၊ ပုဂ္ဂိုလ် သတ္တဝါနှင့် မရော မယှက် သက်သက်သော သင်္ခါရ ဒုက္ခ အစု အပုံ၏ အဖြစ်ကို မြင်သိသည်၏ အဖြစ် ကြောင့်တည်း။

ဒုက္ခ သစ္စာ ပြီး၏။

၂။ ဘိက္ခဝေ၊ တို့။ ယာယံ တဏှာ၊ အကြင် လော ဘသည်။ ပေါနောဗ္ဘဝိကာ၊ တဘန်ဘဝသစ်၌ ဖြစ်သည် ဖြစ်၍ ဖြစ်လေ့ရှိ၏။ နန္ဒီရာဂ သဟဂတာ၊ တပ်ခြင်း နှစ် သက်ခြင်းနှင့် တကွ ဖြစ်သည် ဖြစ်၍ ဖြစ်လေ့ရှိ၏။ တတြတတြ၊ ထိုထိုကိုယ်၏အဖြစ် ထိုထိုအာရုံတို့၌။ အဘိ နန္ဒိနီ၊ အလွန်နှစ်သက်ခြင်း တပ်ခြင်း ဖြစ်၍ ဖြစ်၏။ ဋ္ဌာန်ဒံ သောတဏှာ၊ ဤတဏှာသည်။ သေယျထာ ကတမာ၊ အဘယ်နည်း။ ကာမတဏှာ၊ ရူပါရုံစသော ကာမဝတ္ထု ကို တပ်တတ်သော တဏှာသည်၎င်း။ ဘဝတဏှာ၊ သတ္တဝါသည် မြဲ၏ဟု ယူသော သဿတ ဒိဋ္ဌိနှင့် တကွ ဖြစ်သော ဘဝ တဏှာသည်၎င်း။ ဝိဘဝ တဏှာ၊ သတ္တဝါသေချင် ပြတ်၏ဟု ယူသော ဥစ္ဆေဒဒိဋ္ဌိနှင့် တကွဖြစ်သော တဏှာသည်၎င်း။ ဋ္ဌာန်ခေါ်ပန ဓမ္မဇာတံ၊ ဤတဏှာ ဟူသော သဘော တရားသည်။ ဒုက္ခသမုဒယံ၊ ဒုက္ခဖြစ်ကြောင်း ဖြစ်သော။ အရိယသစ္စံ၊ အရိယာတို့ သည် သိအပ်သော သစ္စာမည်၏

ထိုသမုဒယ၏ လက္ခဏာ ရသများကား—

ပဘဝလက္ခဏံ သမုဒယ သစ္စံ၊ ဒုက္ခ အနုပစ္ဆေဒနရသံ၊ အတိတ္တိ ပစ္စုပဋ္ဌာနံ။ ။သမုဒယသစ္စံ၊သည်။ ပဘဝလက္ခ ဏံ၊ ဒုက္ခ၏ အမြွန် အစဟူသော လက္ခဏာရှိ၏။ ဒုက္ခ အနုပစ္ဆေဒနရသံ၊ ဒုက္ခကို အစဉ်ဖွဲ့စပ်ခြင်း ကိစ္စရှိ၏။အတိတ္တိ ပစ္စုပဋ္ဌာနံ၊ မရောင့်ရဲနိုင်သော တရားဟူ၍ ဉာဏ်အား ရှေးရှုထင်၏။

သတိပြုရန် အရေးအကြီးဆုံး အချက်ကား။ တဏှာ သမုဒယကြောင့် ဇာတိစသော ဒုက္ခတို့ ဖြစ်၏ဟု မသိလျှင် ဇာတိချုပ်သော အဇာတနိဗ္ဗာန်ရှိမှရှိပါလေ၏လောဟု ယုံမှားတတ်၏။ ထိုသို့ယုံမှားက မဂ်ကို မရနိုင်။ သမုဒယကြောင့်သာလျှင် ဒုက္ခဖြစ်၏ဟု မြင်သိက နိဗ္ဗာန်ရှိမှု၌ ယုံမှားကင်းသဖြင့် မဂ်သို့ သက်နိုင်၏။ အဘယ်ကြောင့်ဆိုသော် သမုဒယ ချုပ်က ဇာတိ ချုပ်ရ၏ဟု ဇာတိ နိရောဓ နိဗ္ဗာန်ကို သိမြင် နိုင်သောကြောင့်ဟူလို။

သမုဒယ သစ္စာ ပြီးပြီ။

---

၃။ ဘိက္ခဝေ၊ တို့။ တဿာယေဝ တဏှာယ၊ ထိုကာမတဏှာစသည်ဖြင့် ဝေဘန်အပ်သော လောဘ၏ သာလျှင်။ ယော အသေသဝိရာဂနိရောဓော၊ အကြွင်အကြွင်းမဲ့ တပ်ခြင်းကင်းရာ ချုပ်ရာ ဖြစ်သော နိဗ္ဗာန်သည်။ ယော စာဂေါ၊ အကြွင်စွန့်ရာ ဖြစ်သော နိဗ္ဗာန်သည်။ ယော ပဋိနိဿဂ္ဂေါ၊ အကြွင်ဝေးစွာ စွန့်ရာ ဖြစ်သော နိဗ္ဗာန်သည်။ ယာမုတ္တိ၊ အကြွင် လွတ်ရာဖြစ်သော နိဗ္ဗာန်သည်။ ယော အနာလယော၊ အကြွင်ကပ်ငြိခြင်း ကင်းရာ ဖြစ်သော အသင်္ခတ နိဗ္ဗာန်သည်။ အတ္ထိ၊ ရှိ၏။ ဣဒံဓမ္မဇာတံ၊ ဤနိဗ္ဗာန်ဟူသော သဘောသည်။ ဒုက္ခနိရောဓံ၊ ဒုက္ခ၏ချုပ်ရာဖြစ်သော။ အရိယသစ္စံ၊ အရိယာတို့သည် သိအပ်သော အရိယ သစ္စာ မည်၏။

## နိရောဓ သစ္စာ၏ လက္ခဏာ ရသများကို ပြဦးအံ့။

သန္တိလက္ခဏံနိဗ္ဗာနံ၊ နိဝတ္တိလက္ခဏံဝါ၊ အသင်္ခတလက္ခဏံဝါ၊ အစ္စုတိရသံဝါ၊ အဿာသ ကရဏ ရသံဝါ၊ အနိမိတ္တပစ္စုပ္ပဋ္ဌာနံ။ နိဗ္ဗာနံ၊ သည်။ သန္တိလက္ခဏံ၊ ရာဂစသော မီး ၁၁-ပါးတို့ အေးငြိမ်းခြင်း လက္ခဏာရှိ၏။ ဝါ၊ တနည်းကား။ နိဝတ္တိလက္ခဏံ၊ ဇာတိစသော ဒုက္ခဝဋ် တို့၏ ဆုတ်နစ်ချုပ်ပြတ် ငြိမ်းစဲခြင်း လက္ခဏာရှိ၏။ ဝါ၊ တနည်းကား။ အသင်္ခတလက္ခဏံ၊ ဥပါဒ် ဌီ ဘင် ကင်းသော အသင်္ခတ လက္ခဏာရှိ၏။ အစ္စုတိရသံ၊ မရွေ့ခြင်း ကိစ္စရှိ၏။ ဝါ၊ တနည်းကား။ အဿာသ ကရဏရသံ၊ သံသရာဘေးကို ထိတ်လန့် ငြီးငွေ့သောသူတို့၏ စိတ်ကို သက်သာရာ ရစေခြင်း ကိစ္စရှိ၏။ အနိမိတ္တ ပစ္စုပ္ပဋ္ဌာနံ၊ ခန္ဓာ နိမိတ် ကင်းသော တရားဟူ၍ ဉာဏ်အား ရှေးရှု ထင်တတ်၏။

အဓိပ္ပါယ်ကား။ နိဗ္ဗာန်ဟူသည် ဒုက္ခနိရောဓ ပင်တည်း။ ဒုက္ခနိရောဓ ဟူသည် တဏှာ အကြွင်းမဲ့ ချုပ်ခြင်းပင်တည်း။ ဝါ၊ ချုပ်ရာပင်တည်း။ တဏှာ အကြွင်းမဲ့ ချုပ်ရာ ဟူသည် ခန္ဓာမရှိသော အနိမိတ္တပင်တည်း။ ဝါ၊ ခန္ဓာဇာတိ ဖြစ်ခြင်း မရှိသော အနုပ္ပါဒ အဇာတပင်တည်း။ ဝါ၊ ဥပါဒ် ဌီ ဘင် ကင်းသော အသင်္ခတ ပင်တည်း။ ။တဏှာဟူသည် ခန္ဓာနိမိတ်ရှိသော သင်္ခါရနာမ်ရုပ်၌သာတည်၏။ ။ဝါ၊ ခင်တွယ်မှု ဖြစ်၏။ သင်္ခါရ နိမိတ်ကင်းသော။ ဝါ၊ မရှိသော အဇာတ အနုပ္ပါဒ

အသင်္ခတကို တဏှာခင်တွယ်မှု မဖြစ်၊ တပ်မက်မောခြင်း မဖြစ်။ ဥပမာ၊ ဘာမှမရှိသော အာကာသ ကောင်းကင် လဟာပြင်ကို တဏှာခင်တွယ် တပ်မက်မှု မဖြစ်သကဲ့သို့ ထို့အတူ ရုပ်နာမ်ခန္ဓာ ဖြစ်ခြင်း မရှိသော အနုပ္ပါဒ အပဝတ္တနိဗ္ဗာန်၌ တဏှာက အာရုံမပြု ခင်တွယ်မှုမဖြစ်။ ထို့ကြောင့် ခန္ဓာနိမိတ်ကင်းသော နိဗ္ဗာန်သည် တဏှာ၏ အကြွင်းမဲ့ တပ်ခြင်း ကင်းရာ ဌာနလည်း ဟုတ်၏။ စွန့်ရာလည်း ဟုတ်၏။ ဝေးစွာ စွန့်ရာလည်း ဟုတ်၏။ ကပ်ငြိခြင်း ကင်းရာလည်း ဟုတ်၏ ထိုတဏှာကင်းသော အနုပ္ပါဒ အပဝတ္တ အနိမိတ္တ အဇာတ အသင်္ခတ သည် ပင်လျှင် အရိယာတို့ သိအပ်သော ဒုက္ခနိရောဓ အရိယ သစ္စာမည်၏။

နိရောဓ သစ္စာ၏ အဓိပ္ပါယ် ပြီးပြီ။

---

၄။ ဘိက္ခဝေ၊ တို့။ အရိယော၊ မြတ်သော။ ဝါ၊ ဖြူစင်သော။ အယမေဝ မဂ္ဂေါ၊ ဤ မဂ်သည်ပင်လျှင်။ အဋ္ဌင်္ဂိကော၊ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံ၏။ ဣဒံမဂ္ဂံ၊ ဤမဂ္ဂင်သည်။ သေယျထာ ကတမံ၊ အဘယ်နည်း။ သမ္မာဒိဋ္ဌိ၊ ကောင်းစွာ မြင်ခြင်း။ ဝါ၊ သစ္စာ၄-ပါးကို မြင်သိခြင်း။ သမ္မာသင်္ကပ္ပေါ၊ ဝဋ်မှ လွတ်မြောက်ရန် ကောင်းစွာ ကြံခြင်း။ သမ္မာဝါစာ၊ ဝစီဒုစရိုက် ၄-ပါးကို ကြဉ်ခြင်း။ ဝါ၊ ကောင်းစွာဆိုခြင်း။ သမ္မာကမ္မန္တော၊ ကောင်းသော အမှုကို ပြုခြင်း။ ဝါ၊ ကာယဒုစရိုက် ၃-ပါးကိုကြဉ်ခြင်း။

သမ္မာ အာဇီဝေါ၊ ကောင်းသော အသက် မွေးခြင်း။ သမ္မာဝါယာမော၊ ကောင်းသော အားထုတ်ခြင်း။ သမ္မာသတိ၊ ကောင်းစွာ အောက်မေ့ခြင်း။ သမ္မာသမာဓိ၊ ကောင်းစွာ တည်ကြည်ခြင်း။ ဣဒံခေါပန ဘိက္ခဝေ၊ ရဟန်းတို့၊ ဤ မဂ္ဂင်ရှစ်ပါး တရားသည်သာလျှင်။ ဒုက္ခ နိရောဓ ဂါမိနီ ပဋိပဒါ၊ ဒုက္ခချုပ်ရာ။ ဝါ၊ ဇာတိချုပ်ရာ နိဗ္ဗာန်ရောက် ကြောင်းဖြစ်သော။ အရိယသစ္စံ၊ အရိယာတို့သည် သိအပ်သော အရိယ သစ္စာမည်၏။

နိယျာနလက္ခဏံ မဂ္ဂသစ္စံ၊ ကိလေသ ပဟာနရသံ၊ ဝုဋ္ဌာန ပစ္စုပဋ္ဌာနံ။ ။မဂ္ဂသစ္စံ၊ သည်။ နိယျာနလက္ခဏံ၊ သံသရာဝဋ်မှ ထုတ်ဆောင်ခြင်း လက္ခဏာရှိ၏။ ကိလေသပဟာနရသံ၊ ရာဂ, ဒေါသ, မောဟ စသော ကိလေသာကို ပယ်သတ်ခြင်းကိစ္စရှိ၏။ ဝုဋ္ဌာန ပစ္စုပဋ္ဌာနံ၊ ဝဋ်မှ ထမြောက် တတ်သော တရားဟူ၍ ဉာဏ်အား ရှေးရှုထင်၏။

မဂ်သည် ကိလေသာကို ပယ်သတ်၏ ဟူသော အဓိပ္ပါယ်ကား- တဏှာ သမုဒယကြောင့် ဇာတိ ဒုက္ခ ဖြစ်၏ဟု မြင်သိမှုပင်တည်း။ ထိုသို့ မြင်သိသည် ရှိသော် ရှေးက မမြင် မသိသော အဝိဇ္ဇာချုပ်၏။ ဒိဋ္ဌိ ဝိစိကိစ္ဆာ ချုပ်၏။ ထိုသို့ ချုပ်ခြင်းကိစ္စ ပြီးသည်ကို ပင်လျှင် မဂ်သည် ကိလေသာကို ပယ်သတ်သည် မည်၏ ဟုလို။ ပြဆိုခဲ့သော သစ္စာ ၄-ပါး ပါဠိအနက် နှုတ်ရဆောင်၍ စဉ်းစား ဆင်ခြင် ကြစေလိုပါသည်။

မဂ္ဂသစ္စာကား ပွားအပ်သော တရားဖြစ်၏။ ထိုမဂ္ဂသစ္စာ ပွားမှုဟူသည် ပြခဲ့ပြီးသော မဂ္ဂသစ္စာ အပိုဒ်၌ပါရှိသော သရုပ် သရုပ်များအရ ကောင်းစွာပြည့်စုံစေမှုပင်တည်း။

ထိုမဂ္ဂင် ၈ပါး၏ အဓိပ္ပါယ်ကိုလည်း အကျယ်ဝေဘန် အပ်၏။ ထို့ကြောင့် ဝေဘန်၍ ပြဦးအံ့။

သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာ ဝါယာမ၊ သမ္မာသတိ၊ သမ္မာ သမာဓိ၊ ဤကား မဂ္ဂင်၈ပါး သရုပ်တည်း။

အထူးမှတ်ရန်မှာ၊ သစ္စာ ၄-ပါး ပွားများခဲ့လျှင် မဂ္ဂင် ၈ပါး ပွားများခြင်းကိစ္စ အလုံးစုံ ပြီး၏ ဟူလို။

၁။ တတ္ထ ကတမာ သမ္မာဒိဋ္ဌိ၊ ဒုက္ခေ ဉာဏံ၊ ဒုက္ခ သမုဒယေ ဉာဏံ၊ ဒုက္ခ နိရောဓေ ဉာဏံ၊ ဒုက္ခ နိရောဓ ဂါမိနိ ပဋိပဒါယ ဉာဏံ၊အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာဒိဋ္ဌိ။

အဓိပ္ပါယ်မှာ ဇာတိပိဒုက္ခာ စသဖြင့် ဒုက္ခသစ္စာကို သိခြင်း။ ကာမတဏှာ ဘဝတဏှာစသဖြင့် ဇာတိစသော ဒုက္ခဖြစ်ကြောင်း သမုဒယသစ္စာကိုသိခြင်း။ဇာတိစသော ဒုက္ခချုပ်ရာ နိရောဓ သစ္စာ နိဗ္ဗာန်ကို သိခြင်း။ဒုက္ခ ချုပ်ကြောင်း မဂ်အကျင့်ကို သိမြင်ခြင်း တို့သည် သမ္မာဒိဋ္ဌိမည်၏။

ထို သမ္မာဒိဋ္ဌိ ဝိဇ္ဇာဉာဏ်၏ ဆန့်ကျင်ဘက် အဝိဇ္ဇာကိုလည်း သိသင့်၏။ ထို့ကြောင့် ပြဦးအံ့။

တဏှာ ကတမာ အဝိဇ္ဇာ ဒုက္ခေ အညာဏံ၊ ဒုက္ခ သမုဒယေ အညာဏံ၊ ဒုက္ခ နိရောဓေ အညာဏံ၊ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါယ အညာဏံ၊ အယံ ဝုစ္စတိ ဘိက္ခဝေ အဝိဇ္ဇာ။

အဓိပ္ပါယ်မှာ သမ္မာဒိဋ္ဌိ၌ ပြဆိုခဲ့သော သစ္စာ ၄-ပါး မသိမှုပင်တည်း။

သမ္မာဒိဋ္ဌိညာဏ်ကို ရလျှင် အဝိဇ္ဇာပယ်မှု ကိစ္စ ပြီး၏။

မိုးရေးင် ရောက်က မှောင်ပျောက်ရ သကဲ့သို့ပေတည်း။

---

၂။ တဏှာကတမော သမ္မာသင်္ကပ္ပေါ၊ နေက္ခမ္မသင်္ကပ္ပေါ၊ အဗျာပါဒသင်္ကပ္ပေါ၊ အဝိဟိံသ သင်္ကပ္ပေါ၊ အယံဝုစ္စတိ ဘိက္ခဝေ သမ္မာသင်္ကပ္ပေါ။

အဓိပ္ပါယ်မှာ ဝဋ်မှ ကျွတ်လွတ်သော နိဗ္ဗာန်သို့ ထွက်မြောက်နိုင်ရန်ကြံခြင်း၊ ထိုပြင် သူတပါးကို မညှဉ်းဆဲရန် ကြံခြင်း၊ မသတ်ဖြတ်ရန် ကြံခြင်းပင်တည်း။

၎င်း၌ အထူးမှုကား မေတ္တာကရုဏာ ပြဓာန်းသောအားဖြင့် လောဘ ဒေါသချုပ်ငြိမ်းကြောင်း အကြံပင်တည်း။

၃။ တဏှာ ကတမာ သမ္မာဝါစာ မုသာဝါဒါ ဝေရမဏီ၊ ပိသုနဝါစာ ဝေရမဏီ၊ ဖရုသဝါစာ ဝေရမဏီ၊ သမ္ဖပ္ပလာပါ ဝေရမဏီ၊ အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာဝါစာ။ ။အဓိပ္ပါယ်မှာ ဝစီဒုစရိုက် ၄-ပါးကို ကြဉ်ရှောင်မှုပင်တည်း။

၄။ တတ္ထ ကတမော သမ္မာကမ္မန္တော ပါဏာတိပါတာ ဝေရမဏီ၊ အဒိန္နာဒါနာ ဝေရမဏီ၊ ကာမေသု မိစ္ဆာစာရာ ဝေရမဏီ၊ အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာကမ္မန္တော။ ။အဓိပ္ပါယ်မှာ ကာယကံ ၃–ပါးကို မကြူး မလွန် ရှောင်ကြဉ်မှုပင်တည်း။

၅။ တတ္ထ ကတမော သမ္မာအာဇီဝေါ မိစ္ဆာအာဇီဝံ ပဟာယ သမ္မာအာဇီဝံ ကပ္ပေတိ၊အကျဉ်းအားဖြင့် မိစ္ဆာ အာဇီဝါ ဝေရမဏီပင်တည်း။ ။အဓိပ္ပါယ်မှာ ကာယ ဒုစရိုက် ၃–ပါး၊ ဝစီဒုစရိုက် ၄–ပါးတို့ကို ကြဉ်၍ တရား သဖြင့် ရသောပစ္စည်းဖြင့် အသက်မွေးခြင်းပင်ဟူလို။

၆။ သမ္မာဝါယာမနှင့် ကျယ်မည်ကို စိုး၍ ပါဠိကို မထည့်ဘဲ အဓိပ္ပါယ်ကိုသာ ပြပေအံ့။

သမ္မာဝါယာမ မဂ္ဂင်ပွားမှုဟူသည် သမ္မာဒိဋ္ဌိ စသော မဂ္ဂင်ရှစ်ပါးကိစ္စ ပြီးစီးကြောင်း၌ ချီးမြှင့် ထောက်ပံ့သော လုံ့လဝိရိယပင်တည်း။

၇။ သမ္မာသတိ မဂ္ဂင်ပွားမှုဟူသည် မဂ္ဂင်ရှစ်ပါး ပွားမှု၌ မမေ့မလျော့သော အားဖြင့် သတိကောင်းစွာ ထင်စေမှုပင်တည်း။

၈။ သမ္မာသမာဓိ ဟူသည့်ပြဆိုခဲ့သော မဂ္ဂင်ရှစ်ပါး ပွားခိုက်တွင် ဥဒ္ဒစ္စဖြင့် တခြားတပါးသော စိတ်သို့ မပျံ့ မလွင့်စေဘဲ ဘာဝနာ အာရုံ၌ စိတ်တည်နေမှုပင်တည်း။

မဂ္ဂင်ရှစ်ပါး အဓိပ္ပါယ် ပြဆိုပုံ ပြီးပြီ။

ထိုမဂ္ဂင်ရှစ်ပါး ပွားမှု အဓိပ္ပါယ် အလွန်ကျယ်ဝန်း၏။ သမထ ဝိပဿနာချာန် မဂ်အားလုံးရမှုနှင့် သက်ဆိုင်၏။

ထိုကြောင့် မဂ္ဂသစ္စာ ဘာဝေတဗ္ဗ၏ အဓိပ္ပါယ်ကို ပြဦးအံ့။ မဂ္ဂသစ္စာ ပွားမှုဟူသည် ကမ္မဋ္ဌာန်းထိုင်မှု၊ ဝိပဿနာ ဉာဏ် ၁၀-ပါးစသည် ရှုမှုတို့ကိုသာ ဆိုလိုသည်မဟုတ်ပေ။ ဓမ္မစကြာအရ သစ္စာ ၄-ပါးကို ဆင်ခြင်နေမှုသည် လည်း မဂ္ဂသစ္စာ ပွားသည်မည်၏ ပွားမှုကိစ္စပြီးစီးနိုင်၏။

**ပြီးစီးပုံကား**

ဣဒံ ခေါပန ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ ဇာတိပိ ဒုက္ခာ ဇရာပိ ဒုက္ခာ ဗျာဓိပိ ဒုက္ခာ မရဏမ္ပိ ဒုက္ခံ စသဖြင့် ပဉ္စုပါဒါနက္ခန္ဓ အနိစ္စ သဘောအပေါင်းတို့ကို ဆင်ခြင်နေမှု သည်လည်း မဂ္ဂဘာဝနာ ပွားများသည်မည်၏။

ဣဒံ ခေါပန ဘိက္ခဝေ ဒုက္ခသမုဒယံ အရိယသစ္စံ ယာယံ တဏှာ ပေါနော္ဘဝိကာ နန္ဒီရာဂ သဟဂတာ တတြတတြာ ဘိနန္ဒိနီ၊ သေယျထိဒံ၊ ကာမတဏှာ ဘဝ တဏှာ ဝိဘဝတဏှာ စသည်တို့၏အပြစ်၌ ရှုသဖြင့် ထိုတဏှာကား စင်စစ်ဒုက္ခဖြစ်ကြောင်း တရားအမှန်သာ တည်းဟု ရှု၍နေခြင်းသည် မဂ္ဂဘာဝနာပွားသည်မည်၏။

ဣဒံ ခေါပန ဘိက္ခဝေ ဒုက္ခနိရောဓံ အရိယသစ္စံ ယော တဿာ ယေဝ တဏှာယ အသေသ ဝိရာဂ နိရောဓော စာဂေါ စသဖြင့် ဒုက္ခ သမုဒယ ချုပ်ရာနိဗ္ဗာန်ကို။ ဝါ၊ ဇာတိဒုက္ခ နိရောဓကို ဆင်ခြင်နေမှုသည်လည်း မဂ္ဂ သစ္စာ ဘာဝနာ ပွားသည်မည်၏။

ဣဒံ ခေါပန ဘိက္ခဝေ ဒုက္ခနိရောဓ ဂါမိနီ ပဋိပဒါ အရိယသစ္စံ အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ၊ သေယျထိဒံ၊ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ စသော မဂ္ဂင် ၈-ပါးတို့ကား၊ လောဘ စသော ကိလေသာကို ချုပ်ငြိမ်း စေတတ်၏၊ ဝဋ် ၃-ပါးမှ ကျွတ်လွတ်အောင် ထုတ်ဆောင်တတ်သော တကယ်စင်စစ်နိယျာနိကတရား မြတ်ကြီးပေတည်းဟု အဖန်ဖန် ဆင်ခြင်နေမှုသည်လည်း မဂ္ဂဘာဝနာ ပွားသည်မည်၏။ ထိုထိုဆင်ခြင် သုံးသပ်ဆဲ၌ စိတ်၏ တည်ခြင်းသည်လည်း သမ္မာသမာဓိမဂ္ဂင် ပွားမှုလည်းပြီး၏ ဟူလို။

မဂ္ဂသစ္စာပွားများမှုကို ဤသို့ဝေဘန်သည်ရှိသော် သမထပွားမှု ဝိပဿနာဉာဏ် ၁၀-ပါး ပွားမှုတို့မှသာ မဂ္ဂသစ္စာပွားမှုမည်သည် မဟုတ်ပေ။ သစ္စာ ၄-ပါး ပွားများဆင်ခြင်မှု တို့သည်လည်း မဂ္ဂသစ္စာ ပွားမှုပင်ဟု နှလုံးသွင်းအပ်၏ ဟူလို။

အထက်၌ ဝေဘန်ပြဆိုခဲ့သော သစ္စာ ၄-ပါးတို့၏ အကျဉ်းမှတ်ရန် အဓိပ္ပါယ်ကား။ သမုဒယသစ္စာ တဏှာကြောင့် ဒုက္ခသစ္စာ ခန္ဓာ ၅-ပါးဖြစ်၏။ ဤ၌ ပုဂ္ဂိုလ်သတ္တဝါ ဖြစ်မှုမဟုတ်။ သမုဒယတဏှာကို မဂ်ဖြင့် ချုပ်စေခြင်းကြောင့် ဒုက္ခသစ္စာ ခန္ဓာ ၅-ပါးချုပ်၏။ ဤ၌လည်း ပုဂ္ဂိုလ် သတ္တဝါ ရဟန္တာ ချုပ်မှုမဟုတ်။ ဤသို့ ပရမတ္ထ သစ္စာအားဖြင့် သမုဒယကြောင့် ဒုက္ခဖြစ်၏။ သမုဒယချုပ်သဖြင့်ဒုက္ခချုပ်၏။ ပရမတ္ထအားဖြင့် ပုဂ္ဂိုလ်

သတ္တဝါမရှိ။ ဒုက္ခသစ္စာသာ ရှိသောကြောင့် ထိုဒုက္ခ တရားတို့ ချုပ်မှုပင် ဟူလို။

မှတ်ယူလွယ်စေခြင်းငှါ သမုဒယကြောင့် ဖြစ်ထဒုက္ခံ၊ သမုပယ်က၊ ထိုဒုက္ခ၊ မချချုပ်ပြတ်လျှံ၊ ချုပ်ငြိမ်းလိုက၊ ဖြစ်ခြင်းရှိသမျှ၊ ခန္ဓာအာယတနဓာ၊ ရုပ်နာမ်အနိစ္စဒုက္ခ အနတ္တ၊ ဇရာမရဏာဒုက္ခံ၊ ဤသို့သမ္မာဒိဋ္ဌိမှု၊ ဉာဏ်မြင်ရှုက၊ ချုပ်ထ တဏှာ သံယောဇနံ၊ ဤသို့ချုပ်က၊ ဇာတိစ၊ မချချုပ်ပြတ် လျှံ၊ ဆီမီးစာဟု၊ အကြောင်းစုကြောင့်၊ ဖြစ်မှုမီးလျှံ၊ ဆီမီး စာကုန်မှု၊ အကြောင်းပြု၊ ချုပ်မှုမီးလျှံ၊ ထိုနည်းပမာဏ၊ အကြောင်း သံယောဇဉ်ချုပ်က၊ ကျိုးဒုက္ခကား၊ ချုပ်ရ ကြောင်၊ ယထာယံပဒီပေါ၊ သမ္ဗုဒ္ဓေါ၊ ဟောပြ ဥပမံ။

ဤလင်္ကာအရ ဆင်ခြင်လျှင် ပြဆိုခဲ့ပြီးသော သစ္စာ ၄-ပါး၏ အဓိပ္ပါယ်ကို လျင်စွာ မြင်သိပါလိမ့်မည်။ သစ္စာ ဘွဲ့နည်းကား၊ ယခုရရှိနေသော ဝိပါကခန္ဓာငါးပါးသည် ဒုက္ခသစ္စာမည်၏။ ထိုဝိပါက ခန္ဓာငါးပါးကိုပင် နိစ္စ သုခ အတ္တထင်၍၊ ငါ-ငါ၏ဥစ္စာဟု တဏှာ ဒိဋ္ဌိ သံယောဇဉ် ဖြင့် သာယာခင်တွယ်မှု၊ သားမယား ရှာမှုတို့ကို ပြု၏။ ဤသို့ပြုခြင်းသည် ပစ္စုပ္ပန် သမုဒယမည်၏။ ထိုပစ္စုပ္ပန် တဏှာ ချုပ်ခြင်းသည် ပစ္စုပ္ပန် နိရောဓသစ္စာမည်၏။ ပစ္စုပ္ပန်၌ တဏှာသံယောဇဉ် သမုဒယ မဖြစ်ရအောင် ဇာတိစသော ဒုက္ခတို့ကို ရှုမှုသည် (ဝါ) ပွားများခြင်း သည် မဂ္ဂသစ္စာမည်၏။

သစ္စာ ၄-ပါး အကျဉ်းမှတ်ယူနည်း ပြီးပြီ။

## သစ္စာ ၄-ပါးကို ဥပမာဖြင့် ရှုနည်း

ရောဂေါဝိယ ဒုက္ခသစ္စံ ဒဋ္ဌဗ္ဗံ၊ ရောဂနိဒါနမိဝ သမုဒယ သစ္စံ ဒဋ္ဌဗ္ဗံ၊ရောဂ ဝူပသမောဝိယ နိရောဓသစ္စံ ဒဋ္ဌဗ္ဗံ၊ ဘေသဇ္ဇမိဝ မဂ္ဂသစ္စံ ဒဋ္ဌဗ္ဗံ။ ။ဝိသုဒ္ဓိမဂ်။

ရောဂေါဝိယ၊ အနာရောဂါကဲ့သို့။ ဒုက္ခသစ္စံ၊ဒုက္ခသစ္စာ ခန္ဓာ ၅-ပါးကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

ရောဂနိဒါနမိဝ၊ အနာဖြစ်ကြောင်း မသင့်သော ဥတု အာဟာရကဲ့သို့။ သမုဒယသစ္စံ၊ သမုဒယသစ္စာ တဏှာ ကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

ရောဂ ဝူပသမောဝိယ၊အနာပျောက်ငြိမ်းသဖြင့် အနာ ၏ဒုက္ခမှ လွတ်ကင်း ချမ်းသာသကဲ့သို့။ နိရောဓသစ္စံ၊ အလုံးစုံသော ဒုက္ခတို့မှ ကင်းလွတ်သော နိဗ္ဗာန်ချမ်းသာ ကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

ဘေသဇ္ဇမိဝ၊ အနာပျောက်ကြောင်း ဆေးကောင်း သမ္ဘယ်ကဲ့သို့။ မဂ္ဂသစ္စံ၊ မဂ္ဂသစ္စာကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

လောက၌ အနာရောဂါ ရလျှင် အနာရောဂါဖြစ် ကြောင်း ရှိအပ်သကဲ့သို့၊ ထိုအတူ ဇာတိစသော ဒုက္ခရရှိ ခဲ့လျှင် ဇာတိဖြစ်ကြောင်း သမုဒယတဏှာ ရှိမြဲပင် တည်း။

လောက၌ အနာရောဂါ ပျောက်ငြိမ်းခြင်း ရှိခဲ့လျှင် အနာပျောက်ကြောင်း ဆေးရှိအပ်သကဲ့သို့၊ ထို့အတူ

ဇာတိစသော ဒုက္ခရှိခဲ့လျှင် ဇာတိချုပ်ကြောင်း မဂ်အကျင့် ရှိမြဲပင်တည်း။

သစ္စာ ၄-ပါးကို ဥပမာဖြင့် ရှုနည်း ပြီးပြီ။

## မဂ်စိတ် တချက်ဖြင့် မဂ်ကိစ္စလေးပါး ပြီးစီးအောင်ရှုနည်း

''ဖြစ်လျှင် ဒုက္ခ၊ ချုပ်မှုသုခနိဗ္ဗာန်။ ချုပ်ခြင်းအမှု၊ နှစ်သက်ပြု၊ ပြီးမှုလေးကိစ္စ'' ဖြစ်မှုရှိခြင်းကို ဒုက္ခသစ္စာဟု မှတ်အပ်၏။ ဖြစ်မှုချုပ်ခြင်းကို နိဗ္ဗာနသုခဟု မှတ်အပ်၏။ ချုပ်ခြင်းကို နှစ်သက်လျှင် အဘယ်ကြောင့် မဂ်ကိစ္စ ၄-ပါး ပြီးပါသနည်း။

၁။ ဇာတိ ချုပ်ခြင်း နှစ်သက်လျှင်၊ ဝါ၊ ဇာတိဖြစ်လိုသော တဏှာကို စွန့်လျှင်၊ ဥပ္ပါဒေါ ဒုက္ခံ ဟူသော ပါဠိအရ၊ ဖြစ်ခြင်း ရှိသမျှ ခန္ဓာကို ဒုက္ခသစ္စာဟု သိခြင်းကိစ္စ ပြီး၏။

၂။ ချုပ်ခြင်းကို နှစ်သက်လျှင် ဖြစ်လိုသော ဘဝတဏှာ ပယ်မှုကိစ္စ ပြီး၏။

၃၊ ထိုဘဝတဏှာပယ်မှု ပြီးစီးခြင်းပင်လျှင် နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း ကိစ္စပြီး၏။ အဘယ်ကြောင့်ဆိုသော် လိုချင်မှုကြောင့် ဖြစ်သော ဇာတိသည် ထိုလိုချင်မှုကိုပယ်က တဘန်ဖြစ်နိုင်ခွင့် မရှိဟူလို။

၄။ ချုပ်ငြိမ်းသော သဘောကား နိဗ္ဗာန်တည်း။ ထိုချုပ်သော ဖြစ်ခြင်းကင်းသော သဘောကို နှစ်သက်သော၊ ဝါ မည်သည့် ခန္ဓာကိုမျှ အလိုမရှိတော့ပါဟု အာလယကင်းပြတ်သော မဂ်စိတ္တုပ္ပါဒ်သည် မဂ္ဂသစ္စာတည်း။ ဤသို့လျှင် ဒုက္ခသစ္စာ-သိခြင်းကိစ္စ၊ သမုဒယသစ္စာ-ပယ်ခြင်းကိစ္စ၊ နိရောဓသစ္စာ-မျက်မှောက်ပြုခြင်းကိစ္စ၊ မဂ္ဂသစ္စာ-ပွားခြင်း ကိစ္စ ဟူသော ၄-ကိစ္စကို မဂ်စိတ်တချက်နှင့်ပြီး၏။

ဥပမာ - မီးလျှံသည် မီးစာကို လောင်ခြင်းကိစ္စ၊ အမိုက်မှောင် ပျောက်ခြင်းကိစ္စ၊ အလင်း ဖြစ်စေခြင်းကိစ္စ၊ ဆီကို ခန်းစေခြင်းကိစ္စ၊ ဤသို့ ၄-ကိစ္စပြီးသကဲ့သို့ဟူလို။ မဂ်စိ[illegible] ပြဆိုပုံပြီးပြီ။

●ာကြည့်တိုက်
[illegible] - ရန်ကုန်။

## သစ္စာ ၄-ပါး အမေး အဖြေ

ထိုသစ္စာ လေးပါးကိုပင် ဉာဏ်အမြင် ပွင့်လင်းစေခြင်းငှါ အမေးအဖြေနှင့်တကွ ပြဦးအံ့။

**အမေး။** ။အလုံးစုံသော ၃၁-ဘုံရှိ သတ္တဝါတို့၌ အဘန်ဘန် ပဋိသန္ဓေနေရခြင်း ဟူသော ဘဝဇာတိသည် အဘယ်ကြောင့် ဖြစ်ပါသနည်း။

**အဖြေ။** ။မိမိတို့၏ လိုချင်မှု ကာမတဏှာ,ဘဝတဏှာ, ရူပတဏှာ စသည်တို့ကြောင့် ဖြစ်ပါသည်။

၂၁၉၉၃

**အမေး။** ။ဒီ ကဲ့ဘာ အဘယ်က လာပါသနည်း။

**အဖြေ။** ။သစ္စာ လေးပါးကို မမြင်မသိသော မိမိတို့၏ အဝိဇ္ဇာမှ လာပါသည်။ အတ္တမောဟ အဝိဇ္ဇာမှ လာပါသည်။

**အမေး။** ။ဒီ မောဟ အဝိဇ္ဇာက ဘယ်ကဲ့သို့ ဖုံးထား ပါသနည်း။

**အဖြေ။** ။မည်သည့် သတ္တဝါမှာ ဖြစ်စေ၊ ဖြစ်ခြင်း ရှိသော ရုပ်နာမ် ခန္ဓာဟူသမျှ၌ ဥ ဘင် ဇရာ မရဏဖြင့် ပျက်၏။ ထိုသို့ ပျက်ခြင်းသည် မမြဲမှု အနိစ္စပင်တည်း။ ထိုသို့မမြဲမှုကို မြဲစေ ရန်၊ ဝါ၊ ထိမှု နာမှု သေမှုကို မအို မနာ မသေ စေရန် ဆန္ဒရှိကြသော်လည်း၊ ထိုဆန္ဒ အတိုင်း ဖြစ်စေရန် အစိုးမရ, အလို မလိုက် ခြင်းသည် အနတ္တ ပင်တည်း။ ထိုအနတ္တ လက္ခဏာအမြဲပါရှိနေသော်လည်း "သတိမမူ ရုမမြင်" ဆိုဘိသကဲ့သို့၊ ကိုယ်မှာ ရှိသော် လည်း ကိုယ်ပိုင်မဟုတ် အနတ္တဟု အမှန်ကို မမြင် မသိတတ်သော မိမိတို့၏ အဝိဇ္ဇာဖုံးမှု ကြောင့် လိုချင်မှုတဏှာဖြစ်ပေါ်လာပါသည်။ ဥပမာ-မီးတောက်ကို ရွှေတောင် ရွှေရောင် မှတ်၍ တိုးသော ပိုးဖလံကဲ့သို့ ပေတည်း။

**အမေး။** ။ထိုသို့ သိမှား မှတ်မှား အထင်မှားမှု တို့ကို သမ္မာဒိဋ္ဌိမဂ်ဉာဏ်ဖြင့် အမှန်မြင်သိက၊ တနည်း အနိစ္စ-ဒုက္ခ-အနတ္တ သာတည်းဟု အမှန်သိက ဘဝတဏှာ ဖြစ်နိုင်ပါဦးမည်လော။

အဖြေ။ ။အမှန်ကို မသိသော မောဟအဝိဇ္ဇာကြောင့် ဖြစ်သော တဏှာလောဘသည် သစ္စာဒိဋ္ဌိ မဂ်ဉာဏ်ဖြင့် အမှန်ကို မြင်သိက ဘဝတဏှာ တဘန် ဖြစ်နိုင်ခွင့်မရှိတော့ပါ။ ဥပမာ-ခဲဘွယ်ဘောဇဉ်၌ မစင်ပါရှိမှုကို မမြင်မသိမှီက စားလိုသော အာသာဆန္ဒ ရှိသော်လည်း မစင်ပါမှုကို မြင်သိသောအခါ စားလိုမှုတဏှာချုပ်ရသကဲ့သို့၊ မိုးရေစင်ရေတ်က မှောင်ပျောက်ရသကဲ့သို့၊ ထိုအတူ မိမိတို့သန္တာန်မှာ ဆံပင်စသော မျက်စိ နား နှာ အင်္ဂါခြေလက်စသော ရုပ်-ဝေဒနာ-သညာ - သင်္ခါရ-ဝိညာဏ် နာမ်တရားတို့ ရှိကြသော်လည်း မအို မနာ မသေရန် အစိုးမရသော ကိုယ်မှာ ရှိသော်လည်း ကိုယ်ပိုင်မဟုတ်သော အနိစ္စ ဒုက္ခ အနတ္တ ဒုက္ခသစ္စာဟု မြင်သိက လိုချင်မှု ဘဝတဏှာ ဖြစ်နိုင်ခွင့် မရှိတော့ပါ။ ဥပမာအားဖြင့် ဆိုရလျှင် နတ်သွီးထင်၍အချစ်ပုံ၊ ဘီလူးမဟု မြင်သိရုံဖြင့် ချစ်စိတ် ကုန်ခန်းသကဲ့သို့၊ ထို့အတူ ခန္ဓာ ၅-ပါး၌ အနိစ္စ ဒုက္ခ အနတ္တ ဒုက္ခသစ္စာကို မြင်သိလျှင် အဘယ်မှာလျှင် ဘဝတဏှာ ဖြစ်နိုင်တော့မလဲ၊ ယင်းသို့ ဘဝတဏှာမှ မဖြစ်ခဲ့လျှင် အဘယ်မှာလျှင် ဘဝဇာတိကို ဖြစ်လိုသောစိတ်ဖြင့် ကံကိုပြုတော့မလဲ။

**အမေး။** ။ယင်းသို့ ဇာတိစသော ဒုက္ခကို ဖြစ်စေတတ်သော လက်သယ် ဘဝတဏှာ ကံမရှိခဲ့လျှင် ဇာတိတဖန် ဖြစ်နိုင်ဦးမည်လော။

**အဖြေ။** ။အကြောင်းကုန်လျှင် အကျိုးကုန်ရမြဲ ဖြစ်သောကြောင့် ဇာတိတဖန် မဖြစ်နိုင်တော့ပါ။

ဥပမာ-ဖယောင်းတိုင်ကို အမှီပြု၍ဖြစ်သော မီးတောက်သည် ဖယောင်းတိုင်ကုန်က မီးငြိမ်းရသကဲ့သို့။ ထိုအတူ မိမိလိုချင်မှုကြောင့်ဖြစ်သော ဇာတိသည် မိမိသည်ပင်လျှင် ပယ်စွန့်သောကြောင့် တဏှာတဖန် မဖြစ်နိုင်တော့ပါ။

တနည်း။ ဟေတုနိရောဓာ ဖလနိရောဓော-ဟူသော ပါဠိအရ၊ ဟေတုနိရောဓာ၊ အကြောင်း၏ ချုပ်ခြင်းကြောင့်။ဖလနိရောဓော၊ အကျိုးတရား၏ ချုပ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ တနည်း၊ ဟေတုနိရောဓာ၊ ဇရာမရဏ၏ အကြောင်းဖြစ်သော ဇာတိ၏ ချုပ်ငြိမ်းမှုကြောင့်။ ဖလနိရောဓော၊ ဇရာ မရဏဟူသော အကျိုးတရား၏ ချုပ်ငြိမ်းခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ။တနည်း၊အဝိဇ္ဇာ တဏှာဥပါဒါန်ကံကြောင့် ဇာတိဖြစ်၏။ ထိုဖြစ်စေတတ်သော အကြောင်းကိုပယ်လျှင်၊ ဝါ၊ ကံကို တဏှာဖြင့် ထပ်ခါထပ်ခါမလုပ်လျှင် အကြောင်း ကုန်သောကြောင့် တဖန် မဖြစ်နိုင်တော့ပါ။ ဤသို့ အကြောင်းကုန်လျှင် အကျိုးကုန်၏ဟု ယုံကြည်လျှင် မဂ်ဖိုလ်ကို ရ၏ ဟူလို။

**မှတ်ယူလွယ်စေခြင်းငှါ။** ။ဖြစ်လိုမှုကြောင့်၊ ဖြစ်မှုဇာတိ ဒုက္ခံ၊ ဖြစ်ချင်လိုမှု၊ ပယ်စွန့်ပြု၊ ချုပ်မှုထိုဒုက္ခံ။

ဤ၌ ဖြစ်လိုမှုကား မိမိတို့၏ လိုချင်မှု ဘဝတဏှာ သမုဒယသစ္စာ ပင်တည်း။ ခန္ဓာဇာတိစသော ဒုက္ခတို့ ဖြစ်ခြင်းကား ဒုက္ခသစ္စာတည်း။ ထိုခန္ဓာငါးပါး၌ ရှိသော အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာတို့ကို ရှုသဖြင့် ဖြစ်လိုမှု စိတ်ပျက်၍ မိမိဘဝတဏှာကို စွန့်ခြင်းကား မဂ္ဂသစ္စာ တည်း။ ခန္ဓာဇာတိ ချုပ်မှုကား နိရောဓသစ္စာ နိဗ္ဗာန် တည်း။ ထိုသစ္စာ ၄-ပါးတို့၌ ယုံမှားကင်းလျှင် ဒိဋ္ဌိ ဝိစိကိစ္ဆာ ချုပ်သဖြင့် သောတာပန်တည်၏ဟူလို။ အဓိပ္ပါယ်ကား ပုဂ္ဂိုလ်သတ္တဝါ သဘောမရှိ။ ဒုက္ခ၊ သမုဒယ၊ နိရောဓ၊ မဂ္ဂ၊ ဤ သစ္စာ ၄-ပါးသာ အမှန်ရှိ၏ဟု မဂ်ဉာဏ်ဖြင့် မြင်သိမှုပင် ဟူလို။

---

## ဒုက္ခ၏ တည်ရာ ချုပ်ရာ ဌာန ပြပုံ

ဒုက္ခ၏ တည်ရာဌာန ချုပ်ရာဌာနတို့ကို ပြဦးအံ့။

**အမေး။** ။ဒုက္ခ ဟူသမျှတို့သည် အဘယ်မှာ တည်ပါသနည်း၊ အဘယ်မှာ ချုပ်ပါသနည်း။

**အဖြေ။** ။ဒုက္ခဟူသမျှ အဖြာဖြာ မိမိတို့၏ ခန္ဓာ အာယတန၌သာ တည်ရှိရ၍၊ ယင်းခန္ဓာ အာယတနချုပ်ခဲ့လျှင်။ တနည်း၊ ခန္ဓာဇာတိ

ချုပ်ခဲ့လျှင် အဘယ်မှာလျှင် ဒုက္ခရှိနိုင်တော့ မလဲ။ နိဗ္ဗာန်ချမ်းသာဟု ဆိုသည်တွင်၊ ယင်းသို့ ဒုက္ခတည်ရာ ခန္ဓာ နိမိတ်ကင်းသော သဘော ကိုသာလျှင် မှတ်ဘို့ပါဘဲ။

တနည်း။ ခန္ဓာ အာယတနဒ္ဒ၊ တည်ထဒုက္ခံ၊ တည်ရာ ချုပ်က၊ ထိုဒုက္ခ၊ ရချ ချုပ်ပြတ်လျှံ။

တနည်း။ ဇာတိရှိက၊ ဖြစ်ထ ဇရာမရဏဒုက္ခံ၊ ဇာတိ ချုပ်က၊ ထိုဇရာမရဏ၊ ရချ ချုပ်ပြတ်လျှံ။

တနည်း။ ခန္ဓာအာယတန၊ အာရုံသဒ္ဒ၊ တည်ထမီးလျှံ၊ တည်ရာချုပ်က၊ မီးဆယ့်တစ်ဝ၊ ချုပ်ထ အေးနိဗ္ဗာန်။

အကျဉ်းအားဖြင့် မှတ်ရန်။ ဉပ္ပါဒေါ ဒုက္ခံ အနုပ္ပါဒေါ သုခံ ဟူသော ပါဠိအရ၊ ဖြစ်မှုရှိခြင်းသည် ဒုက္ခ၏ တည်ရာ မည်၏။ ဖြစ်မှုမရှိခြင်းသည် ဒုက္ခ၏လွတ်ရာ မည်၏။ ဝါ၊ အသင်္ခတ ဒုက္ခ နိရောဓ နိဗ္ဗာန် မည်၏။

ဒုက္ခ၏ တည်ရာဌာန ချုပ်ရာဌာနများ ပြဆိုပုံ ပြီးပြီ။

---

## ကိလေသာဝဋ် ကမ္မဝဋ် ဝိပါကဝဋ်ဟူသော ဝဋ်သုံးပါးတို့ ချုပ်ခြင်း၏ အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာ ကိုယ်တွေ့ရှုနည်း

ခန္ဓာပဉ္စက၊ အာရုံသဒ္ဒ၊ နိစ္စ သုခ အတ္တဟု သိမှတ် ယူများ ရှိခဲ့လျှင်၊ အိုး,နာ,သေမှု မပြမှု အနိစ္စတို့ကို မဖြစ်

စေသဲ၊ မြဲစေရန် ဆန္ဒရှိကြသော်လည်း၊ ထိုထိုဆန္ဒအတိုင်း ဖြစ်စေရန် အစိုးမရ အလိုမလိုက်မှုကိုပင် ကိုယ်တွေ့ ရှုကြ။ နိစ္စ သုခ အတ္တ မှန်ပါလျှင် အဘယ်မှာလျှင် ယခုလို အို,နာ,သေမှုကို ဖြစ်စေလိမ့်မလဲ၊ ယင်းသို့ အို,နာ,သေ မှုကို မဖြစ်စေလိုသော်လည်း မဖြစ်စေရန် မတား မမြစ် နိုင်မှုအား ကိုယ်တွေ့ရှုခဲ့လျှင်၊ အဘယ်မှာလျှင် ငါ-ငါ၏ ဥစ္စာ ဖြစ်နိုင်တော့မလဲ။ ယင်းသို့ ကိုယ့်မှာရှိလျက် ကိုယ် ပိုင်မဟုတ်၊ အစိုးမရ အလိုသို့ မလိုက်သော အနတ္တသာ တည်းဟု အမှန်မြင်လျှင်၊ အဘယ်မှာလျှင် သိမှား တပ် မှား ယူမှားဟူသော အဝိဇ္ဇာ တဏှာ ဒိဋ္ဌိ ဟူသောကိလေ သဝဋ် ဖြစ်နိုင်တော့မလဲ။ ယင်းသို့ ကိလေသဝဋ် ချုပ်ခဲ့ လျှင်၊ အဘယ်မှာ ကမ္မဝဋ် ဖြစ်တော့မလဲ။ ကမ္မဝဋ်မှချုပ်ခဲ့ လျှင် အဘယ်မှာလျှင် ဝိပါကဇာတိ ဖြစ်တော့မလဲ။ အဇာ တ နိဗ္ဗာန်ဟု ဆိုသည်မှာ ယင်းသို့ ဝဋ်သုံးပါး ချုပ်မှုကို ပင် မှတ်ဘို့ပါသဲ၊ ဝမ်းမြောက်ဘွယ်မှု အဖြာဖြာ ကိုယ့်မှာ ရှိလျက် ကိုယ်ပိုင်မဟုတ်သော နာမ်ရုပ်အနိစ္စ ဒုက္ခ အနတ္တ ဒုက္ခသစ္စာမျှ သာတည်းဟု မြင်သိရခြင်းထက် ဝမ်း မြောက်ဘွယ် ကောင်းတာ လောကမှာ မရှိ။ ကိုယ်တွေ့ အနတ္တ ရှုနည်းအဖြာဖြာ၊ ယခုပြဆိုခဲ့သော နည်းထက် ထင်မြင်လွယ်တာ လောကမှာမရှိ။

အဘယ်ကြောင့်နည်း ဆိုခဲ့လျှင်၊ အနမတဂ္ဂ သံသရာမှ သိမှား တပ်မှား အယူမှား ယုံမှားမှုတို့ ချုပ်သော မဂ် ဉာဏ်ကို လက်ငင်း ရနိုင်သောကြောင့်တည်း။

ယင်းသို့ အဝိဇ္ဇာ တဏှာ ဒိဋ္ဌိဟူသော ကိလေသဝဋ်မှ ချုပ်ခဲ့လျှင် အဘယ်မှာ ကမ္မဝဋ် ဖြစ်နိုင် တော့မလဲ။ ယင်းသို့ ကိလေသဝဋ် ကမ္မဝဋ်မှ ချုပ်ခဲ့လျှင် အဘယ်မှာလျှင် ဝိပါကဇာတိ တဖန်ဖြစ်နိုင်တော့မလဲ။ ရေ-မြေ မျိုးစေ့မှ မရှိလျှင် အဘယ်မှာလျှင် အပင်ဖြစ်နိုင်တော့မလဲ။ (ဝိဝဋ္ဋ အသင်္ခတ နိဗ္ဗာန်ဟု ဆိုသည်တွင်) ယင်းသို့ မဖြစ်ချင် မနေရ၊ မပျက်ချင် မနေရ၊ မအိုချင် မနေရ၊ မနာချင် မနေရ၊ မသေချင် မနေရ၊ မမြင်ချင် မနေရ၊ မြင်ချင်တာ မမြင်ရ၊ မကြားချင် မနေရ၊ ကြားချင်တာ မကြားရ၊ မနံချင် မနေရ၊ နံချင်တာ မနံရ၊ မစားချင် မနေရ၊ စားချင်တာ မစားရ၊ အပိုးမရ၊ တွေ့ထိလိုသော ဖောဋ္ဌဗ္ဗာရုံနှင့် တွေ့ထိချင်တိုင်း မတွေ့မထိရ၊ မတွေ့မထိ လိုသော်လည်း ပူမှု-အေးမှု ခလုတ်ထိမှု-ဆူးငြိမှု တို့နှင့် တွေ့ထိရ၊ မပူပန်ချင်သော်လည်း ပူပန်ရ၊ သုခ သောမနဿ ဝေဒနာတို့နှင့် အမြဲယှဉ်စေလိုသော်လည်း မယှဉ်ရ၊ ဒုက္ခ ဝေဒနာကို မခံစားလိုသော်လည်း ခံစားရ၊ အပါယ်မကျ လိုသော်လည်း ကျရခြင်း စသော ဝိပါကဝဋ်တို့မှ ကင်း လွတ်မှုဟူသော (ဝိဝဋ္ဋ အသင်္ခတ နိဗ္ဗာန်ကိုပင် မှတ်ဘို့ ပါဘဲ)။

ဤတွင် ကိုယ်တွေ့ ဝိဝဋ္ဋဝိပဿနာ ရှုနည်း ပြီးပြီ။

---

ဝဋ်၏အဓိပ္ပါယ်ကို ပြဦးအံ့။ ။ဝဋ်ဟူသည် ထပ်ခါ ထပ်ခါ မပြတ်ဖြစ်၍ နေမှုပင်တည်း။ ထိုဝဋ်သည်လည်း

ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ် ဟူ၍ ၃-ပါး ရှိ၏။ ကိလေသဝဋ်၌ အဝိဇ္ဇာ-တဏှာ-ဒိဋ္ဌိဟူ၍ ၃-ပါးပြား၏။ သစ္စာလေးပါး ပဋိစ္စသမုပ္ပါဒ် တရားများ မသိမှုသည် အဝိဇ္ဇာဟူသော ကိလေသဝဋ်မည်၏။ (အဟံ မမ သန္တကံ, အဟံ၊ ငါ။ မမ သန္တကံ၊ ငါ၏ဥစ္စာ။ ဤ၌ ခန္ဓာငါးပါးကို အစိုးရ၏ အလိုသို့ လိုက်စေနိုင်၏။ ထို့ကြောင့် ခန္ဓာသည် ငါ၏အတ္တဟု မိစ္ဆာဒိဋ္ဌိ မပြတ်ဖြစ်နေခြင်း၊ ထိုခန္ဓာသည် ငါပိုင်ငါ့ဟာ ငါ့ဥစ္စာဟုခင်တွယ်တပ်မက်မှု တဏှာ မပြတ်ဖြစ်၍နေခြင်း။ ဤသို့ မသိမှု အဝိဇ္ဇာ, အယူမှားမှု ဒိဋ္ဌိ,ခင်တွယ်မှု တဏှာတို့ မပြတ်ဖြစ်ပျက်နေမှုကို ကိလေသ ဝဋ်ဟုဆို၏။ ကုသိုလ် အကုသိုလ်တို့ မပြတ်ဖြစ်နေမှုကို ကမ္မဝဋ်ဟုဆို၏။ ထိုကမ္မဝဋ်ကြောင့် ခန္ဓာဇာတိ မပြတ် ဖြစ်ပျက်နေရခြင်းကို ဝိပါကဝဋ် ဒုက္ခဟုဆို၏။ ထိုဝဋ်သုံးပါး ချုပ်ငြိမ်းမှုကို၊ (ဝိဝဋ္ဋ နိဗ္ဗာန် ဟုဆို၏) ဝဋ်သုံးပါး၏ အဓိပ္ပါယ်ကို ဤသို့ မှတ်အပ်၏။

ဝဋ်သုံးပါး အဓိပ္ပါယ် ပြီးပြီ။

---

## အဝိဇ္ဇာ တဏှာ မူလ နှစ်ပါး ချုပ်အောင် ရှုနည်း

အဝိဇ္ဇာ တဏှာ မူလ နှစ်ပါးကို ချုပ်ငြိမ်းစေနိုင်သော ဂုဏ်ထူးရှိသော ဝိပဿနာကို ပြဦးအံ့။

ဝိပဿနာတို့တွင် ဥပ္ပါဒေါ ဒုက္ခံ အနုပ္ပါဒေါ သုခံ။ တနည်း။ ဥပ္ပါဒေါ ဘယံ အနုပ္ပါဒေါ ခေမံ။ တနည်း။ ဇာတိ သံသာရာ အဇာတိ နိဗ္ဗာနံ။ ဤသို့စသည်ဖြင့် ဒုက္ခ

၁၅-နှင့် နိဗ္ဗာန် ၁၅-ကိုစပ်၍ ပဋိသမ္ဘိဒါမဂ်၌ ဟောတော်မူသော ဝိပဿနာသည် နိဗ္ဗာန်ကို လျင်စွာအာရုံပြု၍ လျင်စွာမဂ်သို့ သက်နိုင်သော ဂုဏ်ထူး ဝိသေသရှိပါသည်။

အထူးသတိ ပြုတော်မူကြ စေလိုသည်မှာ တရားအားထုတ် ကြရာ၌ "သိဝံ ပတ္ထေထ ဘိက္ခဝေ" ဟူသော ပါဠိတော်အရ နိဗ္ဗာန်သဘောကို သိသည်ဖြစ်၍ တောင့်တသည်ဖြစ်၍ အာရုံပြုတတ်သည်ဖြစ်၍ တဏှာပယ်ရန် လိုရင်းကိစ္စဖြစ်ပါသည်။ နိဗ္ဗာန်ကို အာရုံမပြုတတ်က မဂ်သို့ မသက်ရောက်နိုင်ပါ။ ဝိပဿနာကို ပွားသဖြင့် အကယ်၍ ငြီးငွေ့ဦးတော့ နိဗ္ဗာန်ကို အာရုံမပြုတတ်က လိုရာမပြီး ခရီးမရောက်ဘဲ၊ဝိပဿနာ ဇာတ်မြော ဖြစ်နေတတ်ပါသည်။ ဤဝိပဿနာသည် သားမယားနှင့် နေသော ဥပါသကာ ဥပါသိကာပင် ဖြစ်ဦးတော့။ ဥပ္ပါဒေါ ဒုက္ခံ-ဟူသောပါဠိအရ ဖြစ်ခြင်းရှိသမျှ ရုပ်နာမ်သင်္ခါရကို ဒုက္ခဟု လျင်စွာ စင်ကြယ်စွာ မြင်သိနိုင်ပါသည်။ အနုပ္ပါဒေါ သုခံ-ဟူသောပါဠိအရ ဖြစ်မှုမရှိခြင်း ချုပ်ငြိမ်းခြင်းသည် နိဗ္ဗာနသုခဟု လျင်စွာ မြင်သိနိုင်ပါသည်။ဤဝိပဿနာသည် မှတ်သားမှုကျဉ်း၍ အမြင်ကျယ်သော ဝိပဿနာ ဖြစ်ပါသည်။ ပုထုဇဉ် ဗြဟ္မာကြီးတို့သည် ဤသို့ ဒုက္ခနှင့် သုခကို ခွဲခြား၍ စင်ကြယ်စွာ မမြင် မသိမှု အဝိဇ္ဇာကြောင့် မိမိတို့ ဗြဟ္မာဘဝကို သုခနိဗ္ဗာန်ဟု ထင်မှားကြသဖြင့် သံသရာဝဋ်မှ လွတ်ခွင့်မရကြပေ။

ဤဉပ္ပါဒေါ ဒုက္ခံ အနုပ္ပါဒေါ သုခံဟု ဟုတ်မှန်စွာ မြင်သိမှုသည် ဖြစ်ခြင်းရှိက ဒုက္ခဟု မသိသော အဝိဇ္ဇာချုပ်၍ ဖြစ်မှုချုပ်က နိဗ္ဗာန်ဟု မသိသော အဝိဇ္ဇာကို ချုပ်စေနိုင်၏။ ထိုသို့ ဟုတ်မှန်စွာ မြင်သိသောကြောင့် ခန္ဓာငါးပါး၌ ခင်တွယ်သော တဏှာလည်း ချုပ်ရလေတော့၏။

ယင်းသို့ အဝိဇ္ဇာ တဏှာ မူလနှစ်ပါးကို လျင်စွာချုပ်ငြိမ်းစေ နိုင်သည့်ပြင် ပွားများ အားထုတ် မှု၌သည်း အလွန်လွယ်ကူခြင်းများကြောင့် ထိုဝိပဿနာကို သာမည ဝိပဿနာဟု မမှတ်မယူဘဲ အထူးအလေးဂရုပြု၍ ပွားများကြစေလိုပါသည်။

(၁) ပွားများရန်မှာ ဉပ္ပါဒေါ ဒုက္ခံ၊အနုပ္ပါဒေါ သုခံ။ ဉပ္ပါဒေါ၊ ခန္ဓာဇာတိ ဖြစ်ရခြင်းသည်။ ဒုက္ခံ၊ ဇရာ-မရဏာ တို့ဖြင့် ပျက်သောကြောင့် ဆင်းရဲ၏။ အနုပ္ပါဒေါ၊ ခန္ဓာဇာတိ ချုပ်ငြိမ်းခြင်းသည်။ သုခံ၊ပျက်မှု မရှိသောကြောင့် ချမ်းသာ၏။ ဤ၌ ဒုက္ခမရှိမှုကြောင့် နိဗ္ဗာန်ကို သုခဟု ဟောတော်မူ၏ဟူလို။

(၂) တနည်း။ ဉပ္ပါဒေါ ဘယံ၊ အနုပ္ပါဒေါ ခေမံ။ ။ ဉပ္ပါဒေါ၊ ခန္ဓာဇာတိ ဖြစ်ရခြင်းသည်။ ဘယံ၊အို-နာ-သေ ရေး အပါယ်ဘေးတို့နှင့် ရောစပ်သောကြောင့် အလွန်ကြောက်ဘွယ်ကောင်းသော ဘေးကြီးပေတည်း။ အနုပ္ပါဒေါ၊ ခန္ဓာဇာတိ ချုပ်ငြိမ်းရခြင်းသည်။ ခေမံ၊ အိုနာသေရေး အပါယ်ဘေးတို့မှ ကင်းသော နိဗ္ဗာန်ပေတည်း။ဤ၌

အလုံးစုံသော ဘေးတို့ ကင်းလွတ်မှုကြောင့် နိဗ္ဗာန်ကို ခေမဟု ဟောတော်မူ၏။

(၃) တနည်း။ ဇာတိ သင်္ခါရာ၊ အဇာတိ နိဗ္ဗာနံ။ ။ ဇာတိ၊ ဘဝသစ်၌ ဖြစ်ရခြင်းသည်။ သင်္ခါရာ၊ ဥပါဒ် ဌီ ဘင် ဖြင့် ပျက်တတ်သော သင်္ခါရ တရားတို့သာတည်း။ တနည်း။ သင်္ခါရာ၊ ကံ စိတ် ဥတု အာဟာရတို့ဖြင့် မပြတ် ပြုအပ်သော သင်္ခါရ ဒုက္ခတို့သာတည်း။

အဇာတိ၊ တဘန်ဘဝသစ်၌ မဖြစ်ရခြင်းသည်။ ဝါ၊ အနုပ္ပါဒ နိရောဓအားဖြင့် တဘန် မဖြစ်မူ၍ ချုပ်ငြိမ်းရခြင်းသည်။ နိဗ္ဗာနံ၊ သန္တိလက္ခဏာရှိသော နိဗ္ဗာန်ပေတည်း။ ဤ၌ သင်္ခါရဇာတိ ချုပ်မှုကြောင့် အဇာတကို နိဗ္ဗာန်ဟု ဟောတော်မူ၏။ ဤ ဝိပဿနာမှ တပါးသော ဝိပဿနာတို့မှာ ဒုက္ခနှင့်သုခကို၊ တနည်း။ ဒုက္ခသစ္စာနှင့် နိရောဓသစ္စာကိုစပ်၍ မပြသောကြောင့် ဝိပဿနာကို ပွားသဖြင့် သင်္ခါရတရားတို့၌ ငြီးငွေ့သော်လည်း နိဗ္ဗာန် ကို အာရုံမပြုတတ်သဖြင့် မဂ်ကိစ္စမပြီးဘဲ အချိန်ကုန်တတ် ပါ၏ ဟူလို။

---

## မဂ်ကိစ္စ ပြီးပုံကို ပြဦးအံ့

အဘယ်ကဲ့သို့ မဂ်ကိစ္စ ပြီးပါသနည်း ဟူငြားအံ့၊ဖြစ် လျှင် ဒုက္ခ၊ ချုပ်မှ သုခနိဗ္ဗာန်၊ ချုပ်ခြင်းအမှု၊ နှစ်သက်ပြု၊ ပြီးမှု-မဂ်ကိစ္စံ၊ ဟူသော ကထာအရ၊ ချုပ်ခြင်းကား၊ ဝါ၊ ချုပ်သော သဘောကား-နိဗ္ဗာန်ပင်တည်း။ ထို သဘော

ကို အာရုံပြုခြင်းကား-အာရမ္မဏိက မင်္ဂစိတ်တည်း။ ထို စိတ်ဖြင့် ချုပ်မှုကိုနှစ်သက်လျှင်။ဝါ၊ ဖြစ်ချင်မှုကို ပယ်စွန့် လျှင် တဏှာပယ်မှု, နိဗ္ဗာန်အာရုံပြုမှု,မဂ္ဂသစ္စာပွားမှု ကိစ္စ များပြီးသဖြင့် သောတာပန် စသည်တည်း၏ ဟူလို။

ဤဝိပဿနာနှင့်ပင် သောတာပတ္တိမဂ်မျှ မက အရ ဟတ္တမဂ်သို့ တက်ရောက်နိုင်၏ဟု အဋ္ဌကထာက မိန့်ဆို ချက်များ ရှိပါသည် ဟူလို။

ဂုဏ်ထူး ဝိသေသရှိသော ဝိပဿနာများ ပြဆိုပုံ ဤတွင် ပြီးပြီ။

---

**ပုထုဇဉ်စိတ်နှင့် အရိယာတို့၏စိတ် ခြားနားပုံ**

ပုထုဇဉ်တို့မှာ မိမိခန္ဓာကို အားထားကြ၏။ အရိယာ မူကား ခန္ဓာ၌ အားထားစရာ အနှစ်အသား မရှိမှုကို မြင်သိ၏။ ထိုကြောင့် ငြီးငွေ့ကြ၏။

ပုထုဇဉ်တို့၏ ခန္ဓာ၌ မရောင့်ရဲ နိုင်သော လောဘ၊ မခံချင်မှုဟူသော ဒေါသ၊ မသိမလိမ္မာမှု ဟူသော မော ဟတို့သာ အားကြီး လွှမ်းမိုးခြင်း ခံနေကြရတော့၏။ ဥပမာ၊ ဝါးပင်၊ ပေပင်၊ ကျူပင်၊ ငှက်ပျောပင်ကို မိမိ၏ အသီးက သတ်သကဲ့သို့၊ ထို့အတူ မိမိရှိရာ ခန္ဓာကို အပါယ်လေးပါးသို့ ချခြင်း။ အို,နာ,သေ,ရေး၊ ဒုက္ခဘေး ဟူသော ဇာတိကန္တာရ၊ ဇရာကန္တာရ၊ မရဏကန္တာရ ဟူသော သံသရာ ကန္တာရတို့မှ မလွတ်နိုင်အောင် နှိပ် စက်ခြင်းကိုသာ ခံ၍နေရလေတော့၏။

(ကိုယ့်ကိုယ် ကိုယ်ဖျက်၊ သံချေးတက်၊ အသား လောက်ထွက်)ကိုယ့်စိတ်ကို မယုံရသော တရားဟူသည် တွင်၊ ပုထုဇဉ်တို့၏ ခန္ဓာကိုယ်ပင် မှတ်ဘိုရှိပါဘဲ။အဘယ် ကြောင့်နည်း ဆိုခဲ့လျှင် လောဘ ဒေါသ မောဟတို့နှင့် ယှဉ်၍ အပါယ်သို့ချခြင်း၊ သံသရာ ရှည်စေခြင်းတို့ကို ဖြစ်စေတတ်သောကြောင့်တည်း။

---

## ပုထုဇဉ်တို့ သန္တာန်၌ လောဘ ဒေါသ မောဟ သွေးမိုးနေပုံ ဥပမာ ဂါထာ

လောဘော-ဒေါသော စ-မောဟော စ၊
ပုရိသံ ပါပ စေတသံ။
ဟိံသန္တိ အတ္တ သမ္ဘူတာ၊
တစသာရံဝ သဖလံ။ ။(ဓမ္မပဒ)

တစသာရံ၊ ဝါးပင်, ပေပင်,ကျူပင်ကို။ သဖလံ၊ မိမိ ဝါးသီး, ပေသီး,ကျူသီးသည်။ဟိံသတိဣဝ၊ ညှဉ်းပန်း နှိပ်စက် သတ်ဖြတ်လေသကဲ့သို့။ သာသနေ၊ သာသနာ တော်၌။ ပါပစေတသံ၊ယုတ်မာသော နှလုံးသွင်းရှိသော၊ ပုရိသံ၊ ပုထုဇဉ် သတ္တဝါကို။ လောဘော စ၊လောဘသည် ၎င်း။ဒေါသော စ၊ ဒေါသသည်၎င်း။ မောဟော စ၊မောဟ သည်၎င်း။ အတ္တသမ္ဘူတာ၊ ကိုယ်တွင်းသန္တာန်၌ သံသ ရာ ဘဝအဆက်ဆက်က မပြတ် ညှဉ်းပန်းနှိပ်စက် ဖျက် ဆီး၍ လာကုန်သော။ ဣမေ တယော ပစ္စတ္ထိကာ၊ ဤရန် သူကြီး ၃-ယောက်တို့သည်။ ဟိံသန္တိ၊ မိမိခန္ဓာကိုယ်

ကို မိမိဖျက်ဆီး၍ နေကုန်၏။ ။ထို့ကြောင့် ဒိဋ္ဌိ ဝိစိ ကိစ္ဆာကို လျင်စွာဖြုတ်၍ ဇာတိချုပ်တဲ့ နိဗ္ဗာန်သို့ ရောက်နိုင်သော အရိယာ အဖြစ်သို့ ရောက်တဲ့အောင် အစွမ်းရှိသလောက် အားထုတ်သင့်ကြပေသည် ဟူလို။

အရိယာ ခန္ဓာမှုကား။ ကိုယ့်စိတ်ကို အစိုးရ၏။ အပါယ်ကျကြောင်း၊ သံသရာ ကျင်လည်ကြောင်းတို့ကို မပြုမလုပ်တော့ပြီ။ ထိုအရိယာခန္ဓာကို လျင်စွာ ရရှိလိုက ဇာတိဒုက္ခာ အဇာတိ သုခံစသော ပဋိသမ္ဘိဒါမဂ် ပါဠိတော်အရ၊ ကျက်မှတ်၍ နေ့ညမပြတ် ပွားများကြပါကုန်။ ဇာတိ၊ ပဋိသန္ဓေ နေရခြင်းသည်။ ဒုက္ခာ၊ ဆင်းရဲ၏။ အဇာတိ၊ ခန္ဓာဇာတိ အသစ်မဖြစ်မူ၍ ဘုရားရဟန္တာ တို့ကဲ့သို့ ပရိနိဗ္ဗာနဓာတ်၌ အကြွင်းမဲ့ ချုပ်ငြိမ်း ရခြင်းသည်။ သုခံ၊ ချမ်းသာ၏။

သောတာပန် ပုဂ္ဂိုလ်၏ အဓိပ္ပါယ်ကား

သောတာပတ္တိ မဂ္ဂညာဏံ၊ သိမှား, မှတ်မှား, တပ်မှား, အယူမှားတို့၊ ကုန်ငြားဖလံ၊ ပါယ်ဘေးကင်းဘိ၊ သုဂတိ၌၊ မြဲသည့်သစ္စံ၊ သဗ္ဗဘာဝ၊ မလွန်ရ၊ ရောက်ထ အရဟတ္တံ၊ ဤသို့တည်ထ၊ ပုဂ္ဂလ၊ မှတ်ကြ သောတာပန်။

ပုထုဇဉ်နှင့် အရိယာစိတ်သဘောချင်း ခြားနားပုံ
ပြဆိုချက် ဤတွင် ပြီးပြီ။

---

**ပစ္စဝေက္ခဏာ ဉာဏ်ဖြင့် ချိန်ထိုးနည်း**

မိမိ၌ ယုံမှားခြင်း ကင်း မကင်း ယုံမှားမှု ရှိ မရှိကို၊ မိမိ၏ ပစ္စဝေက္ခဏာဉာဏ်ဖြင့် ချိန်ထိုးကြည့်နည်းကား—

၁။ ဆံပင် မွေးညှင်း စသော ပထဝီဓာတ် ၂၀။ သည်းခြေ သလိပ်စသော အာပေါဓာတ် ၁၂။ သန္တပ္ပနာ စသော တေဇောဓာတ် လေးပါး။ ဥဒ္ဓင်္ဂမ, အဓောဂမ စသော ဝါယောဓာတ် ၆-ပါး ဟူသော ခက်မာ ဖွဲ့စေး ပူအေးထောက်ကန် သဘာဝ လက္ခဏာရှိသောရုပ်။ မျက်စေ့,နား,နှာ, အင်္ဂါ, ခြေလက် စသောရုပ်။ သုခ ဒုက္ခကို ခံစားတတ်သော ဝေဒနာ၊ အမှတ်ပြု၍ သိတတ်သော သညာ၊ အဆိုးအကောင်းစသည် ပြုပြင်တတ်သော သင်္ခါရက္ခန္ဓာ၊ အာရုံကိုသိတတ်သော ဝိညာဏက္ခန္ဓာ၊ ဤသို့ ခန္ဓာငါးပါးတို့သည် ဉပါဒ်ဖြင့် ဖြစ်ပြီးနောက် ဌီ, ဘင်, ဇရာ, မရဏာတို့ဖြင့် ပျက်ကုန်၏။ ထို့ကြောင့် ထိုခန္ဓာငါးပါးသည် စင်စစ် အနိစ္စတရားသာတည်း။

၂။ မပျက်ဘဲ မြဲစေရန် မည်မျှလောက်ပင် ဆန္ဒရှိကြသော်လည်း၊ မည်သူမျှ မည်သည့် တရားကမျှ မြဲစေရန် အစိုးမရ။ ထိုကြောင့် ခန္ဓာ ၅-ပါးသည် အနတ္တ သာတည်း။

၃။ ပဉ္စုပါဒါနက္ခန္ဓာဝိ ဒုက္ခာဟု ဟောတော် မူသည့်အတိုင်း။ သုခ သောမနဿ ဝေဒနာပင် ဖြစ်ဦးတော့၊ ဖြစ်ပြီးနောက် လျှပ်စစ်ကဲ့သို့,ရေပွက်ကဲ့သို့ ချုပ်ပျောက်၏။ ထိုကြောင့် သုခမရှိ,ပုဂ္ဂိုလ်မရှိ ပရမတ္ထအားဖြင့် ဒုက္ခ သစ္စာသာတည်း။

၄။ အမှန် မသိမှု အဝိဇ္ဇာ၊ လိုချင် တပ်မက်မှု တဏှာ၊ အမြင် အယူမှားသော ဒိဋ္ဌိ၊ ဤသို့ အတိတ် ကိလေသဝဋ်၊

ကုသိုလ်ကံ အကုသိုလ်ကံ ဟူသော ကမ္မဝဋ်တို့ကြောင့် ပဉ္စုပ္ပန်မှာ ဝိညာဉ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဟူသော ဝိပါက ခန္ဓာ ၅-ပါးဖြစ်၏။ ဤ၌ သတ္တဝါဖြစ်မှု မဟုတ်။ ထိုပြင် ပဉ္စုပ္ပန် ကာမတဏှာ ရူပတဏှာ စသည့် ပဉ္စုပ္ပန်ကိလေသဝဋ်ကြောင့် သားမယားရှာမှု ပစ္စည်း ဥစ္စာရှာမှု စသော မရေမတွက်နိုင်သော အနန္တဒုက္ခ ဖြစ်နေကြ၏။ ဤ၌လည်း ပရမတ္ထအားဖြင့် ပဉ္စုပ္ပန်သမုဒယကြောင့် ပဉ္စုပ္ပန်မှာ ဒုက္ခဖြစ်နေကြ၏။ ဤ၌ ဒုက္ခသမုဒယသာတည်း။ ပုဂ္ဂိုလ်သတ္တဝါ၏ ဒုက္ခသမုဒယ မဟုတ်။

၅။ အကြင်အခါ၌ သူတော်ကောင်းတရား ကြားနာရသဖြင့်၊ သမ္မာဒိဋ္ဌိ ဝိပဿနာဖြင့် ရုပ် နာမ် ခန္ဓာတို့၌ ရှိသော အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာကို ရှုသဖြင့် တဏှာချုပ်၏။ ယင်းသို့ တဏှာချုပ်ကလည်း ဘဝဇာတိချုပ်သဖြင့် ဒုက္ခနိရောဓကို မျက်မှောက်ပြုနိုင်၏။ ဤဇာတိနိရောဓ၌လည်း ဘုရား ရဟန္တာပုဂ္ဂိုလ်အနေဖြင့် ချုပ်မှုမဟုတ်။ ဒုက္ခ၏တည်ရာ ခန္ဓာနိရောဓသာတည်း။

၆။ ထို ဒုက္ခ သမုဒယ နိရောဓတို့ကို သမ္မာဒိဋ္ဌိ မဂ်ဉာဏ်ဖြင့်မြင်သိ၍ ဇာတိချုပ်သောသဘောကို နှစ်သက်သော မဂ်စိတ္တုပ္ပါဒ်သည် မဂ္ဂသစ္စာသာတည်း။ တနည်း၊ အဖြစ်ရှိ၍၊ အပျက်လာ၊ မဖြစ်ပါလျှင်၊ ပျက်ခွင့်ပရှိ။ ထို့ကြောင့် တဘန် မဖြစ်လိုတော့ပါဟု ပယ်လိုက်သော ဆန္ဒရာဂ ပဟာနသည် မဂ္ဂသစ္စာမည်၏။ ဤသို့ ကိုယ်တွေ့ မြင်သိလျှင် အဘယ်မှာလျှင် ယုံမှားခြင်း ရှိတော့အံ့နည်း။

ယုံမှားပယ်မှု ဆိုသည့်တွင် ဤသို့ ကိုယ်တွေ့ မြင်သိမှုကို ပင် မှတ်ဘို့ပါတဲ့။

## စောဒက တက်ခဲ့သော် ဖြေပုံ

၁။ ဤသို့ မိမိ၏ ပစ္စဝေက္ခဏာဉာဏ်ဖြင့် ကောင်းစွာ ဆုံးဖြတ်ပြီးနောက် သူတပါးတို့က ခန္ဓာဟာ မြဲပါသည်၊ အနိစ္စမဟုတ်ပါ၊ မွေးကတဲက အသက်သေမှ ပျက်ပါ သည်။

၂။ ထိုပြင် မိမိတို့ အသီးအသီး အလိုရှိရာ သွားလာ လုပ်ကိုင် ပြောဆိုနိုင်သောကြောင့် မိမိကိုယ်ကို မိမိတို့ အစိုးရသော ကိုယ်ပိုင်အတ္တ မှန်ပါသည် အနတ္တ မဟုတ် ပါ။ ကိုယ်မှာရှိသောကြောင့် မည်သူ့ပစ္စည်းမျှ မဖြစ် နိုင်ပါ။

၃။ ဇာတိချုပ်သော နိဗ္ဗာန်သဘော မရှိပါ၊ သတ္တဝါ သေလျှင် သတ္တဝါဖြစ်ပါသည်။ တနည်း၊ သတ္တဝါသေ လျှင် ဘဝမရှိ ပြတ်ပါသည်။ ဤသို့ စသဖြင့် သူတပါးတို့ က ဆင်ခြေတက်ခဲ့သော်လည်း မိမိစိတ်မှာ တုန်လှုပ်ခြင်း မရှိ၊ ကျောက်စာတိုင်ကဲ့သို့ ခိုင်ခံ့သော စိတ်ရှိသည်ဖြစ်၍ ၎င်းတို့ပြောဆိုကြသော အယူဝါဒ စသည်တို့မှာ သစ္စာ ကို မမြင် မသိမှုကြောင့်သာ ယူမှား, မှတ်မှား ရှိကြလေ သည်။ စင်စစ်သော်ကား မိမိ၏သစ္စာဉာဏ် အမြင်သာ လျှင် မှန်၏ဟု မိမိ၏ မြင်သိ ဆုံးဖြတ်မှုတို့၌ ယုံမှားမှု မဖြစ် ခဲ့လျှင်၊ ဒိဋ္ဌိဝိစိကိစ္ဆာ နုသယ ချုပ်ပြီ, သောတာပန် တည် ပြီဟု ဝမ်းမြောက်အပ်၏ ဟူလို။

ဥပါသကာ ဥပါသိကာ သောတာပန် ပုဂ္ဂိုလ်တို့၏ သီလမှာ ငါးပါးသီလ လုံရမည်။ ဒိဋ္ဌိကင်းသောစိတ် ရှိရမည်။ ဤသို့သော ကျင့်ဝတ်နှင့် ပြည့်စုံလျှင် သားမယားနှင့်ပင် နေသော်လည်း မဂ်အကျင့် မပျက်ပါဟုလို။

၁၀။ သောတာပန်တည်သော ပုဂ္ဂိုလ်၏ ရအပ်သော အကျိုးကား သောတာပတ္တိမဂ္ဂဉာဏ်၊ သိမှား၊ တပ်မှား၊ အယူမှားတို့၊ ကုန်ပြေးဖလံ။ ပါယ်ဘေးကင်းဘိ၊ သုဂတိ၌၊ မြဲသည့်သစ္စာ။ သတ္တဘဝ၊ မလွန်ရ၊ ရောက်ထ အရဟတ္တံ။ ။သတ္တက္ခတ္တုံ ပရမ သောတာပန် ပုဂ္ဂိုလ်တို့မှာ၊ သစ္စာသိမြင်ရန် ဆရာရှာရန် မလိုပါ၊ ဖြစ်ရာ,ဖြစ်ရာ ဘဝတို့၌ သစ္စဉာဏ် အမြဲပါသွားသောကြောင့် မိမိဘာသာပင်လျှင် အရဟတ္တမဂ်သို့ သက်နိုင်ပါသည် ဟုလို။

၁၁။ ပုထုဇဉ် အဖြစ်နှင့် သေခဲ့သော်၊ ပုထုဇ္ဇနော နာနာသတ္တာရမုခံ ဥလ္လောကေသိ ဟူသော ကထာအရ၊ ရောက်ရာဘဝတို့၌ သစ္စာကို သိလိုက ဆရာရှာရမှု ဒုက္ခရှိ၏။ ဆရာရသော်လည်း ဒိဋ္ဌိဆရာများနှင့် ကြုံတွေ့နေက မဂ်ဖိုလ် မရသည့်ပြင်၊ အပါယ်ကိုပင် ကျတတ်၏။ ထိုကြောင့် ဘုရားဆု၊ ပစ္စေကဗုဒ္ဓဆု၊ အဂ္ဂသာဝက မဟာသာဝက ဆုပန်မဟုတ်ခဲ့လျှင် ပကတိသာဝက ဆုနှင့် ယခုသာသနာတော်မှာ အညံ့ဆုံး,အနဲဆုံး သောတာပန်ဖြစ်အောင် အားထုတ်သင့်ကြပေသည် ဟုလို။

၁၂။ မှတ်ယူ စေလွယ်ခြင်းငှါ၊ တဏှာ သမုဒယကြောင့် ဖြစ်ထဓာတ်ဒုက္ခ၊ယင်းသမုဒယ၌၊ပဟာတဗ္ဗကိစ္စ

ရှိ၏ဟု သိမှုဟုတ်မှန်၊ မလိုချင်မှု ပယ်စွန့်မှုကလည်း ပြီးမှုတတန်။ ယင်းသို့ တဏှာပဟာန ကိစ္စပြီးခဲ့လျှင် အဘယ်မှာလျှင်သောတာပန်စသည့် တည်ပြီးလော မတည်လေသလောဟု ယုံမှားဘွယ် ရှိနိုင်တော့အံ့နည်း။ ဝိမုတ္တသ္မိံ ဝိမုတ္တမိတိ ဉာဏံ ဟောတီဟု အနတ္တလက္ခဏာသုတ်၌ ဟောတော်မူသည့်မှာ ဤသို့တဏှာမှလွတ်သည်ကို လွတ်ပြီဟု သိသော ပစ္စဝေက္ခဏာ ဉာဏ်ကိုပင် မှတ်ဘို့ပါဘဲ။ ဤသို့ပြည့်စုံက မိမိသည် သောတာပန် စသည် တည်ပြီဟု သန္နိဋ္ဌာန်ကျ ဆုံးဖြတ်ကြပါကုန် ဟူလို။

မိမိ ဉာဏ်အမြင်ကို ပစ္စဝေက္ခဏာဖြင့်
ချိန်ထိုးကြည့်ပုံ ပြီးပြီ။

---

**မိမိသည် နိဗ္ဗာန်ကို မျက်မှောက်ပြုပြီးပြီဟု ဆုံးဖြတ်နိုင်ပုံ**

မေး။ နိဗ္ဗာန်မျက်မှောက် ရောက် မရောက်အား ဆုံးဖြတ်ရန် မူလအခြေဉာဏ် ဘယ်သင်းပါလဲ။

ဖြေ။ သမုဒယကြောင့် ဒုက္ခဖြစ်၏ဟု မြင်သိဉာဏ် ဆုံးဖြတ်နိုင်ရန် အရင်းမူလ၊ အဘယ်ကြောင့်နည်း ဆိုခဲ့လျှင်၊ သမုဒယချုပ်က ဇာတိချုပ်သောနိဗ္ဗာန်ကို မြင်သိနိုင်သောကြောင့်တည်း။

ထိုကြောင့်ပင်လျှင် မြတ်စွာဘုရားကိုယ်တိုင် ဝန်ခံတော်မူပုံမှာ၊ တဏှာကြောင့် ဇာတိစသော ဒုက္ခဖြစ်၏။ ယခု ထိုတဏှာကို အရဟတ္တမဂ်ဖြင့် ပယ်ပြီးပြီ။ ထို

ကြောင့် တဘန် ဘဝသစ်၌ မဖြစ်တော့ပြီ။ ဤဘဝသည် အန္တိမ နောက်ဆုံးဘဝဖြစ်ကြောင်း။ (အကုပ္ပါမေ ဝိမုတ္တိ အယ မန္တိမာ ဇာတိ၊ နတ္ထိ ဒါနိ ပုနဗ္ဘဝေါတိ) ဟူ၍ ပရိနိဗ္ဗာန် မပြုမီကပင်လျှင် ကြိုတင်၍ ပဥ္စဝဂ္ဂီ ၅-ဦးတို့အား ဝန်ခံတော်မူ၏ ဟူလို။

ထိုကြောင့် မြတ်စွာဘုရားတပည့် အရိယာ ဥပါသကာ ဥပါသိကာတို့မှာလည်း သစ္စာလေးပါး ယုံမှားကင်းသည်ဖြစ်၍၊ ဘဝတဏှာကိုလည်း ပယ်သည်ဖြစ်အံ့။ အကယ်၍ အနုပါဒိသေသ နိဗ္ဗာန်ကိုပင် မရောက်သေးသော်လည်း၊ • သောတာပန် စသဖြင့် သဥပါဒိသေသ နိဗ္ဗာန်ကို ရပြီးပြီဟု ကတညာဏ်ဖြင့် ဆုံးဖြတ်အပ်၏ ဟူလို။

အထူး သတိပြုတော်မူကြ စေလိုသည်မှာ၊ သမုဒယ ကြောင့် ဇာတိစသော ဒုက္ခဖြစ်၏ဟု မသိလျှင် ဇာတိ နိရောဓနိဗ္ဗာန် ရှိမှ ရှိပါလေ၏လောဟု ယုံမှားတတ်လေသည်။ သမုဒယကြောင့် ဒုက္ခဖြစ်၏ဟု မြင်သိခဲ့လျှင် သမုဒယကို မဂ်ဖြင့်ချုပ်စေက တဏှာ၏အကျိုး ဇာတိလည်း ချုပ်ရလေတော့၏ဟု မြင်သိနိုင်၏။ ထိုကြောင့် အတ္ထိဘိက္ခဝေ အဇာတံ နိဗ္ဗာနံဟူသော ဥဒါန်းပါဠိတော် အရ အဇာတ နိဗ္ဗာန်ရှိမှု၌ ယုံမှားကင်းလေတော့၏ဟူလို။

နိဗ္ဗာန်ကို ပျက်မှောက်ပြုပြီး မပြီး ယုံမှား
ပယ်ပျောက်နည်း ပြီးပြီ။

## ဓမ္မသင်္ဂဏီ အဋ္ဌကထာအရ သစ္စာ ၄-ပါးကို အတ္ထ ဓမ္မဖြင့် ဝေဘန်၍ ရှုပုံ

ဟေတုမှိ ပဝတ္တံ ဉာဏံ ဓမ္မပဋိသမ္ဘိဒါ၊ ဟေတုဖလေ ပဝတ္တံ ဉာဏံ အတ္ထပဋိသမ္ဘိဒါတိ။

ဟေတုမှိ၊ အကြောင်း၌။ ပဝတ္တံ၊ ဖြစ်သော။ ဉာဏံ၊ ဉာဏ်သည်။ ဓမ္မပဋိသမ္ဘိဒါ၊ အကြောင်း၌ သိသော ပဋိသမ္ဘိဒါ မည်၏။

ဟေတုဖလေ၊ အကြောင်း၏ အကျိုး၌။ ပဝတ္တံ၊ ဖြစ်သော။ ဉာဏံ၊ သိသောဉာဏ်သည်။ အတ္ထပဋိသမ္ဘိဒါ၊ အကျိုး၌သိသော ပဋိသမ္ဘိဒါ မည်၏။ ဣတိ၊ ဤသို့ ဓမ္မ အတ္ထတို့ကို မှတ်အပ်၏။

### ထို အတ္ထ ဓမ္မတို့၏ ပြယုဂ်ကား

ဒုက္ခေ ဉာဏံ အတ္ထပဋိသမ္ဘိဒါ၊ ဒုက္ခသမုဒယေ ဉာဏံ ဓမ္မပဋိသမ္ဘိဒါ၊ ဒုက္ခနိရောဓေ ဉာဏံ အတ္ထပဋိသမ္ဘိဒါ၊ ဒုက္ခနိရောဓ ဂါမိနီ ပဋိပဒါယ ဉာဏံ ဓမ္မပဋိသမ္ဘိဒါ။

၁။ ဒုက္ခေ၊ ဒုက္ခသစ္စာ၌။ ဝါ-ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ ဗျာဓိပိ ဒုက္ခော၊ မရဏမ္ပိ ဒုက္ခံ၊ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ယမ္ပိစ္ဆံ န လဘတိ တမ္ပိ ဒုက္ခံ၊ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ပိ ဒုက္ခာ ဟူသော ဒုက္ခ၌။ ဉာဏံ၊ သိသောဉာဏ်သည်။ အတ္ထပဋိသမ္ဘိဒါ၊ အကျိုး၌ သိသော ပဋိသမ္ဘိဒါ မည်၏။

၂။ ဒုက္ခသမုဒယော၊ ဇာတိစသော ဒုက္ခ၏အကြောင်း ဖြစ်သော သမုဒယသစ္စာ၌။ ဝါ-ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ ဟူသော သမုဒယသစ္စာ၌။ ဉာဏံ၊ သိသော ဉာဏ်သည်။ မေဝပဋိသမ္ဘိဒါ၊ ဒုက္ခ၏အကြောင်း၌ သိသော ပဋိသမ္ဘိဒါ မည်၏။

၃။ ဒုက္ခနိရောဓေ၊ ဒုက္ခနိရောဓ၌။ ဉာဏံ၊ သိသော ဉာဏ်သည်။ တနည်း၊ ဒုက္ခနိရောဓေ၊ တဘနမဖြစ်မူ၍ ချုပ်သော အနုပါဒိသေသ နိဗ္ဗာန်၌။ ဉာဏံ၊ သိသောဉာဏ်သည်။ အတ္ထပဋိသမ္ဘိဒါ၊ အကျိုး၌သိသော ပဋိသမ္ဘိဒါ မည်၏။

ဤ၌အနုပါဒိသေသနိဗ္ဗာန်ကို အကျိုး၌ထား၍ဟော၏။ အဘယ်ကြောင့်နည်း ဟူမူကား မဂ်အကျင့်ကို ကျင့်သော ပုဂ္ဂိုလ်တို့၏ ရအပ်သော အကျိုးနိဗ္ဗာန်ဟု သိစေခြင်းငှါ ဖြစ်၏။ ထိုမဂ်အကျင့်ကို ကျင့်စဉ်က အာရုံပြုသော နိဗ္ဗာန်မှုကား၊ ပကတိ သဘောအားဖြင့် ရှိနေသော အသင်္ခတ အနုပ္ပါဒ အပဝတ္တ စသည်ကို မှတ်အပ်၏။ ဤသည်တို့ကား မဂ်၏အကျိုး နိဗ္ဗာန်မဟုတ် ဟူလို။

ဤသို့အားဖြင့် မဂ်၏အကျိုးဖြစ်သော နိဗ္ဗာန်နှင့် မဂ်၏ အာရုံဖြစ်သော နိဗ္ဗာန်တို့ကို ခွဲခြား၍ သိအပ် မှတ်အပ်၏။ သို့ရာတွင် မူလအာရုံနိဗ္ဗာန်နှင့် မဂ်အကျင့်ကြောင့် ရောက်သော နိဗ္ဗာန် အနက်သဘော အတူတူပင် ဟူလို။

၄။ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါယ ဉာဏံ၊ ဒုက္ခချုပ် ကြောင်း သမ္မာဒိဋ္ဌိ စသော မဂ်အကျင့်၌ သိသောဉာဏ်

သည်။ ဓမ္မပဋိသမ္ဘိဒါ၊ ဒုက္ခချုပ်ကြောင်း၌ သိသော ပဋိသမ္ဘိဒါ မည်၏။

အဓိပ္ပါယ် အထူးမှုကား—

၅။ ဤသို့ ဓမ္မ အတ္ထ အားဖြင့် အကြောင်းကြောင့် အကျိုးဖြစ်၍နေပုံ၊ အကြောင်းချုပ်က အကျိုးချုပ်ပုံ မြင်သိက၊ တနည်း။ အဝိဇ္ဇာပစ္စယာ ဟူသော ပဋိစ္စသမုပ္ပါဒကြောင့် ပဋိစ္စသမုပ္ပန္န ဟူသော အကျိုးသင်္ခါရဖြစ်၍နေပုံ၊ တနည်း။ ဖဿ ဟူသော ပဋိစ္စသမုပ္ပါဒကြောင့် ဝေဒနာ ဟူသော အကျိုးပဋိစ္စသမုပ္ပန္နဖြစ်၍နေပုံ၊ ဖဿ ဟူသော အကြောင်းချုပ်က ဝေဒနာဟူသော အကျိုးချုပ်ရပုံကို မြင်သိက လောက၌ သတ္တဝါဖြစ်ပျက်နေမှုမဟုတ်၊ အကြောင်းစွဲ၍ အကျိုး ဒုက္ခသစ္စာ ဖြစ်၍နေမှုကိုပင်း၊ အကြောင်း သမုဒယချုပ်က အကျိုး ဒုက္ခသစ္စာချုပ်မှုကိုပင်း၊ မြင်သိပါက ဗုဒ္ဓေ ကင်္ခတိ၊ ဓမ္မေ ကင်္ခတိ၊ သံဃေ ကင်္ခတိ၊ သိက္ခာယ ကင်္ခတိ၊ ပုဗ္ဗန္တေ ကင်္ခတိ၊ အပရန္တေ ကင်္ခတိ၊ ပုဗ္ဗန္တာပရန္တေ ကင်္ခတိ၊ ဣဒပ္ပစ္စယတာ ပဋိစ္စသမုပ္ပန္နေသု ဓမ္မေသု ကင်္ခတိ၊ ဟူသော ၈-ပါးသော ဝိစိကိစ္ဆာနှင့် အဟံ နုခေါ အသ္မိ၊ နောနုခေါ အသ္မိ၊ ငါဟုတ်လေသလော မဟုတ်လေသလော စသော ၁၆-ပါးသော ယုံမှားခြင်းတို့ ချုပ်ငြိမ်းနိုင်ရကား အနည်းဆုံး အောက်ဆုံးဖြစ်သော သောတာပတ္တိမဂ်သို့ ရောက်နိုင်ပါသည် ဟူလို၊ အဓိပ္ပါယ်အထူးမှုကား၊ သမုဒယကြောင့် ခန္ဓာ ၅-ပါးဟူသော ဒုက္ခသစ္စာဖြစ်၏။ သမုဒယချုပ်က

ခန္ဓာငါးပါးချုပ်၏။ ဤသို့ ပုဂ္ဂိုလ် သတ္တဝါတို့၏ ဖြစ်မှု ချုပ်မှု မဟုတ်ဟု ရှုအပ်၏ ဟူလို။

၆။ ထို အတ္ထ ဓမ္မ၊ တနည်း။ ဓမ္မ အတ္ထတို့ကို စာတွေ့ မဟုတ်၊ ကိုယ်တွေ့ ဉာဏ်တွေ့ အားဖြင့် သုံးသပ်နိုင်ခြင်း၌ ပြဦးအံ့။

ဇရာမရဏေ ဉာဏံ အတ္ထပဋိသမ္ဘိဒါ၊ ဇရာမရဏ သမုဒယေ ဉာဏံ ဓမ္မပဋိသမ္ဘိဒါ၊ ဇရာမရဏ နိရောဓေ ဉာဏံ အတ္ထပဋိသမ္ဘိဒါ၊ ဇရာမရဏ နိရောဓ ဂါမိနီ ပဋိပဒါယ ဉာဏံ ဓမ္မပဋိသမ္ဘိဒါတိ။

ဇရာမရဏေ၊ ဇရာမရဏဒုက္ခ၌။ ဉာဏံ၊ သိသော ဉာဏ်သည်။ အတ္ထပဋိသမ္ဘိဒါ၊ ဇာတိ၏အကျိုးတရား၌ သိသော ပဋိသမ္ဘိဒါမည်၏။ ဇရာမရဏ သမုဒယေ၊ ဇရာမရဏ၏ အကြောင်းဖြစ်သော ဇာတိ၌။ ဉာဏံ၊ သိသော ဉာဏ်သည်။ ဓမ္မပဋိသမ္ဘိဒါ၊ ဇရာ မရဏ၏ အကြောင်း၌သိသော ပဋိသမ္ဘိဒါ မည်၏။ ဇရာ မရဏ နိရောဓေ၊ ဇရာမရဏ ချုပ်ခြင်းဟူသော ဒုက္ခနိရောဓ၌။ ဉာဏံ၊ သိသောဉာဏ်သည်။ အတ္ထပဋိသမ္ဘိဒါ၊ အကျိုး၌ သိသော ပဋိသမ္ဘိဒါ မည်၏။ ဇရာမရဏ နိရောဓ ဂါမိနီ ပဋိပဒါယ၊ ဇရာမရဏ၏ အကြောင်းဖြစ်သော ဇာတိကို ချုပ်စေတတ်သော မဂ်အကျင့်၌။ ဉာဏံ၊ သိသော ဉာဏ်သည်။ ဓမ္မပဋိသမ္ဘိဒါ၊ ဇရာ မရဏ ချုပ်ကြောင်းအကျင့်၌ သိသော ပဋိသမ္ဘိဒါ မည်၏။

ဤသို့ ကိုယ်တွေ့ ရှုမြင်ပါလျှင် ခန္ဓာအကြွင်း မရှိသော အနုပါဒိသေသ နိဗ္ဗာန်ကိုပင် လက်ငင်း မျက်မှောက် မပြုနိုင်သေးသော်လည်း ခန္ဓာ အကြွင်းရှိသော သဉပါဒိ သေသ နိဗ္ဗာန်ကို ရပြီးပြီဟု ဆုံးဖြတ်နိုင်တော့၏။ တစုံ တရာ ယုံမှားမှု မရှိတော့ပြီ ဟူလို။

အဋ္ဌပဒ်သင်္ဂြိုဟ်ဒီပါ ဓမ္မပဒ်သင်္ဂြိုဟ်ဒီပါ ၂-ပါး
အကျဉ်း ပြဆိုပုံ ပြီးပြီ။

---

### သစ္စာ ၄-ပါးကို ဓမ္မဝစ္ဆန္ဒာန်ဖြင့် ၅-ဌာန ပိုင်းခြားပုံ

ဣမေ ဓမ္မာ အဘိညေယျာ၊ ဣမေ ဓမ္မာ ပရိညေယျာ၊ ဣမေဓမ္မာ ပဟာတဗ္ဗာ၊ ဣမေဓမ္မာ သစ္ဆိကာတဗ္ဗာ၊ ဣမေ ဓမ္မာ ဘာဝေတဗ္ဗာတိ- ဟူ၍ ၅-ဌာန ပိုင်းခြား အပ်၏။

၁။ ဣမေဓမ္မာ၊ ဒုက္ခအရိယသစ္စာ၊ ဣမေဓမ္မာ၊ ဒုက္ခ သမုဒယ အရိယသစ္စာ၊ ဣမေဓမ္မာ၊ ဒုက္ခ နိရောဓ အရိယ သစ္စာ၊ ဣမေဓမ္မာ၊ ဒုက္ခ နိရောဓ ဂါမိနီ ပဋိပဒါ အရိယ သစ္စာ၊ ဤသစ္စာ ၄-ပါးတို့ကို။ အဘိညေယျာ၊ ထူးသော မဂ်ဉာဏ်ဖြင့် သိအပ်သောတရားတို့သာတည်း။

၂။ ဣမေဓမ္မာ၊ ဤ ဥပ္ပါဒေါဒုက္ခံ ပဝတ္တံဒုက္ခံ စသော ပါဠ်ဖြင့် ဖြစ်ခြင်းရှိသမျှ သင်္ခါရတရားတို့ကို။ပရိညေယျာ၊ ဒုက္ခသစ္စာသာတည်းဟု ပိုင်းခြား၍ သိအပ်သော ကိစ္စ ရှိသော တရားတို့သာတည်း။

၃။ ရှုမေဝမ္မွာ၊ ဤ ကာမ တဏှာ, ဘဝ တဏှာ, ရှုပ တဏှာ, စသော လောဘ စေတသိက်ကို။ ဝါ၊ လိုချင် တပ်မက်မှုကို။ ပဟာတဗ္ဗာ၊ ပယ်အပ်သော ကိစ္စရှိသော တရားသာတည်း။

၄။ ရှုမေဝမ္မွာ၊ ဤ အနုပ္ပါဒေါ သုခံ အပဝတ္တံ သုခံ အဇာတိသုခံ စသော ပဋိသန္ဓိဒါမဂ် ပါဠိအရ။ တနည်း။ အတ္တိ ဘိက္ခဝေ အဇာတံ နိဗ္ဗာနံ ဟူသော ဥဒါန်းပါဠိ တော်အရ ဖြစ်ခြင်းမရှိသော အဇာတသဘောကို။ ဝါ၊ တဏှာချုပ်ငြိမ်းမှုကို။ သစ္ဆိကာတဗ္ဗာ၊ မျက်မှောက်ပြု အပ်သော ကိစ္စရှိသော တရားသာတည်း။

၅။ ရှုမေဝမ္မွာ၊ ဤသမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ စသော မဂ္ဂင်ရှစ်ပါးကို။ဘာဝေတဗ္ဗာ၊ ပွားအပ်သော ကိစ္စရှိသော တရားသာတည်း။

ရှုတိ၊ ဤသို့။ သစ္စာနီ၊ သစ္စာတို့ကို။ အဘိညေယျ၊ ပရိညေယျ၊ ပဟာတဗ္ဗ၊ သစ္ဆိကာတဗ္ဗ၊ ဘာဝေတဗ္ဗတို့ ဖြင့် ၅-ဌာနဝေဘန် ပိုင်းခြားအပ်ကုန်၏။ အဓိပ္ပါယ်ကား သစ္စာ ၄-ပါးကို သိအပ်၏။ထိုသစ္စာ ၄-ပါးတို့ ကိစ္စ အသီး အသီးကိုလည်း ပိုင်းခြား၍ သိအပ်၏ ဟူလို။

သစ္စာ ၄-ပါးကို ၅-ဌာန ပိုင်းခြားပုံ ပြီးပြီ။

---

## သစ္စဉာဏ် ကိစ္စဉာဏ် ကတဉာဏ်တို့၏ အဓိပ္ပါယ်

၁။ သစ္စဉာဏ် ဟူသည် ဓမ္မစက္ကပ္ပဝတ္တနသုတ်၌ ပြသည့် အတိုင်း သစ္စာ ၄-ပါး သိမှုပင်တည်း။

၂။ ကိစ္စဉာဏ် ဟူသည် သိ-ပယ်-ဆိုက်-ပွား အရ၊ ဒုက္ခသစ္စာ၌ သိမှုကိစ္စ၊ သမုဒယသစ္စာ၌ ပယ်မှုကိစ္စ၊ ဒုက္ခနိရောဓသစ္စာ၌ မျက်မှောက်ပြုမှုကိစ္စ၊ မဂ္ဂသစ္စာ၌ ပွားမှုကိစ္စ၊ ဤသို့ ကိစ္စအသီးအသီးကို သိမှုပင်တည်း။

၃။ ကတဉာဏ် ဟူသည် သစ္စာ ၄-ပါးကို သိအပ်သော ကိစ္စရှိသည့်အတိုင်း သိပြီးပြီ။ ဝါ၊ ဉပ္ပါဒေါဒုက္ခံ ဟူသော ပါဠိအရ ဖြစ်ခြင်းရှိသမျှ ရုပ်နာမ်တို့ကို ဒုက္ခဟု သိအပ်သော ကိစ္စရှိသည့်အတိုင်း သိပြီးပြီ။ ဘဝတဏှာကို ပယ်အပ်သော ကိစ္စရှိသည့်အတိုင်းပယ်ပြီးပြီ။ နိရောဓသစ္စာ နိဗ္ဗာန်ကို မျက်မှောက်ပြုအပ်သော ကိစ္စရှိသည့်အတိုင်း မျက်မှောက်ပြုပြီးပြီ။ မဂ္ဂသစ္စာကို ပွားအပ်သော ကိစ္စရှိသည့်အတိုင်း ပွားပြီးပြီ။ ဤသို့ ကိစ္စပြီးသည်ကို ပြီးပြီဟု သိခြင်းပင်လျှင် ကတဉာဏ် မည်၏ဟူလို။ မြတ်စွာဘုရားသည် ဓမ္မစကြာပါဠိတော်၌ ဤသို့ ကိစ္စပြီးသည်ကို ပြီးပြီဟု ကတဉာဏ်ဖြင့်၊ လူ, နတ်, ဗြဟ္မာတို့အား ဝန်ခံတော်မူ၏။ ဝန်ခံတော်မူပုံ။ (ဧဝံ တိပရိဝဋ္ဋံ ဒွါဒသာကာရံ ယထာဘူတံ ဉာဏဒဿနံ သုဝိသုဒ္ဓံ အဟောသိ)။

ဧဝံ၊ ဤသို့။ တိပရိဝဋ္ဋံ၊ သစ္စဉာဏ် ကိစ္စဉာဏ် ကတဉာဏ်အားဖြင့် သုံးပါးသော အပြန်ရှိသော။ ဒွါဒသာကာရံ၊ ဒုက္ခ သစ္စာ၌ သစ္စဉာဏ် ကိစ္စဉာဏ် ကတဉာဏ် ဤသို့အားဖြင့် ၃-ပါး။ သမုဒယသစ္စာ၌ သစ္စဉာဏ် ကိစ္စဉာဏ် ကတဉာဏ် ၃-ပါး။ နိရောဓသစ္စာ၌ သစ္စဉာဏ် ကိစ္စဉာဏ် ကတဉာဏ် ၃-ပါး။ မဂ္ဂသစ္စာ၌ သစ္စဉာဏ်

ကိစ္စဉာဏ် ကတဉာဏ် ၃-ပါး။ ပေါင်း ၃-ပါး လေးလီ
ကတဉာဏ် ၁၂-ပါးဖြစ်၏။ ဤသို့ ၁၂-ပါးသော အခြင်း
အရာ ရှိသော။ ယထာဘူတံ၊ ဟုတ်မှန်သည့်အတိုင်းဖြစ်
သော။ ဉာဏဒဿန သုဝိသုဒ္ဓံ၊ စင်ကြယ်သော ဉာဏ်အ
မြင်သည်။ မေ၊ ငါ့အား။ အဟောသိ၊ ဖြစ်ပြီ။ ဤသို့ ပဉ္စဝဂ္ဂီ
၅-ဦးတို့နှင့်တကွနတ်,ဗြဟ္မာတို့အားဝန်ခံတော်မူ၏ဟူလို။

ထို့ကြောင့် တပည့်သာဝက ဥပါသကာ-ဥပါသိကာ
တို့မှာလည်း။ ဤသို့ သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်
နှင့်ပြည့်စုံပါကပြည့်စုံပြီဟူ၍။ ပစ္စဝေက္ခဏာဉာဏ်ရှိကြပါ
ဘုန်။ ဤသို့ကတဉာဏ်မရှိက စင်ကြယ်ရာမရောက်ဟူလို။

ဥပမာ-ရဟန်းပြုသော ပုဂ္ဂိုလ်သည် မိမိသည် ဥပ
သမ္ပဒကံဖြင့် ရဟန်းဖြစ်ပြီဟု သိအပ်၏။ ထိုရဟန်းကိစ္စ
ကား ကိလေသာ ပယ်သတ်ရန် ကိစ္စရှိ၏ဟု မိမိကိစ္စ
တာဝန်ကို သိအပ်၏။ ထိုတာဝန်အတိုင်း ကိလေသာ
ပယ်သတ်ပြီးကလည်း ထိုတာဝန်ကိစ္စ ပြီးပြီဟုသိအပ်၏။

ဤသို့ သိသော ပစ္စဝေက္ခဏာဉာဏ် သမာဓိ ဖြစ်ပြီး
နောက် ဘဝင်ကျလေတော့၏။ တုန်လှုပ်ယိမ်းယိုင် ပျက်
ကွက်မှု မရှိနိုင်တော့ပြီ။ ကျောက်စာတိုင်ကဲ့သို့ တုန်လှုပ်
ခြင်းမရှိသော သမာဓိကို ရလေတော့၏ ဟူလို။ ကတ
ဉာဏ် ၁၂-ပါးကား၊ ရှေးအခါက ဒုက္ခကို ဒုက္ခဟု စင်
ကြယ်စွာ မသိခဲ့ပေ။ ဣဒံ ဒုက္ခံ ဟူသော ပါဠိအရ၊
ဒုက္ခကို ယခု စင်ကြယ်စွာသိပြီ၊ ထိုဒုက္ခ၌ သိအပ်သော
ကိစ္စရှိ၏ဟု ရှေးကမသိ၊ ယခု သိပြီးပြီ။ ရှေးအခါက သမု

ဒယကို၊ သမုဒယဟုမသိပေ၊ ယခုကာမတဏှာ၊ ဘဝ တဏှာ၊ ဝိဘဝတဏှာကို သမုဒယဟုသိပြီ၊ ထိုသမုဒယ ကို ပယ်အပ်သော ကိစ္စရှိသည်ကို ရှေးကမသိ၊ ယခုသိ သည့်အတိုင်း ပယ်ပြီးပြီ၊ ရှေးအခါက နိဗ္ဗာန်ကို နိဗ္ဗာန်ဟု မသိပေ၊ ယခုတဏှာ ၃-ပါးတို့၏ချုပ်ရာ အဇာတ အနုပ္ပါ ဒသဘောကို နိဗ္ဗာန်ဟုသိပြီ၊ ထိုနိဗ္ဗာန်ကို မျက်မှောက်ပြု အပ်သော ကိစ္စရှိ၏ဟု ရှေးကမသိ၊ ယခုသိပြီ၊ သိသည့် အတိုင်း တဏှာချုပ်ခြင်းကို မျက်မှောက်ပြုပြီးပြီ။ ရှေး အခါက မဂ္ဂသစ္စာကို မသိပေ။ ယခု သမ္မာဒိဋ္ဌိစသော အဋ္ဌင်္ဂိကမဂ်ကို သိပြီ။ ထိုမဂ်ကို ပွားအပ်သော ကိစ္စရှိ၏ ဟု ရှေးကမသိ၊ ယခုသိပြီ၊ သိသည့်အတိုင်း ပွားပြီးပြီ။ ဤသို့ ကိစ္စပြီးသည်ကို ပြီးပြီဟု သိအပ်၏ ဟူလို။

မဂ်ကိစ္စ ၁၆-ချက်ကား သောတာပတ္တိမဂ်၌ ဒုက္ခ သစ္စာကိုသိခြင်းကိစ္စ၊ သမုဒယတဏှာကို ပယ်ခြင်းကိစ္စ၊ နိရောဓသစ္စာကို မျက်မှောက်ပြုခြင်းကိစ္စ၊ မဂ္ဂသစ္စာကို ပွားခြင်းကိစ္စ၊ ဤသို့ သောတာပတ္တိမဂ်၌ ၄-ပါး။ သကဒါ ဂါမိမဂ်၌ ၄-ပါး၊ အနာဂါမိမဂ်၌ ၄-ပါး၊ အရဟတ္တမဂ်၌ ၄-ပါး၊ ပေါင်း ၁၆-ပါးဖြစ်၏ ဟူလို။

---

## ကိုယ့်အတပ်နှင့် ကိုယ်ပတ်၍နေပုံ၊ ကိုယ့်အတပ်ကို ဖြေက ကိုယ်အပေဘ်ဖြေပုံ

ပုထုဇဉ် လူ,နတ်,ဗြဟ္မာတို့မှာ ကိုယ့်အတပ်နှင့် ကိုယ် ပတ်သဖြင့် သံသရာမှ မလွတ်ပုံ၊ အရိယာတို့မှာ ကိုယ့်

အတပ်ကို ဖြေသောကြောင့် ကိုယ့်အပတ် ဖြေသဖြင့် သံသရာမှ လွတ်မြောက်ပုံများကို ကိုယ်တွေ့ရှုပါက သစ္စာ ၄-ပါး၌ဂုဏ်း၊နိဗ္ဗာန်ရှိပုံ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပုံများ ၌ဂုဏ်း ယုံမှားကင်းနိုင်ပါသည်။

## ကိုယ့်အတပ်နှင့် ကိုယ်ပတ်ပုံ အဓိပ္ပါယ်

အတိတ်သမုဒယ တဏှာကြောင့် ပစ္စုပ္ပန်မှာ ခန္ဓာ ၅-ပါးဖြစ်၏။ ဝါ၊ဇာတိစသောဒုက္ခဖြစ်၏။ထိုရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်ဟူသော ဝိပါကဒုက္ခခန္ဓာကိုပင် တဏှာဒိဋ္ဌိဟူသော ကိလေသာဖြင့် ငါ-ငါ၏ ဥစ္စာဟု စွဲယူမှု ကိလေသဝဋ် ဖြစ်ပြန်တော့၏။ ဝါ၊ ပစ္စုပ္ပန် သမုဒယသစ္စာ ဖြစ်ပြန်တော့၏။ အဘယ်ကဲ့သို့ ဖြစ်သနည်း ဟူမူကား ကာမတဏှာ၊ တနည်း။ ရူပတဏှာ၊ သဒ္ဒတဏှာ၊ ဂန္ဓတဏှာ၊ ရသတဏှာ၊ ဖောဋ္ဌဗ္ဗတဏှာ၊ ဓမ္မတဏှာတို့ကြောင့် ပစ္စုပ္ပန် သားမယားရှာမှု၊ ပစ္စည်းဥစ္စာ ရှာရမှု စသော မရေမတွက်နိုင်သော ဒုက္ခတို့ ဖြစ်ရ၏။

ဤကား ပစ္စုပ္ပန် သမုဒယကြောင့် ပစ္စုပ္ပန် ဒုက္ခဖြစ်ပုံ တို့ကို ကိုယ်တွေ့ ရှုနည်းတည်း။

အကြင်သူသည်အကြင်အခါ၌ သူတော်ကောင်းတရား ကြားနာရသဖြင့်။ တနည်း၊ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်ဟူသော ခန္ဓာ ၅-ပါး၌ နိစ္စ,သုခ,အတ္တ ဟူသော အနှစ်အသားမရှိ၊ အားထားစရာ အစောင့်အရှောက် ဟူသော အရှင်မရှိ၊ စင်စစ်သော်ကား ခန္ဓာဇာတိဖြစ်လျှင်

မမြဲမှု အနိစ္စ၊ ဆင်းရဲမှု ဒုက္ခ၊ အစိုးမရ အလိုမလိုက်ခြင်းဟူသော အနတ္တ လက္ခဏာတို့ အမြဲကပ်လျက် ပါရှိနေမှုတို့ကြောင့်၊ ကိုယ်မှာရှိသော်လည်း ကိုယ့်ဟာ မဟုတ်ဟု မြင်သိလေတော့၏။

ဥပမာ-အခစား နွားကျောင်းသမားထံ၌ နွားရှိသော်လည်း၊ ကိုယ်ပိုင်မဟုတ်သဖြင့် ရောင်းချထုခွဲ သုံးစွဲခြင်း၌ မစိုးမပိုင် သကဲ့သို့၊ ထိုအတူ ကိုယ်မှာရှိသော်လည်း အိုနာ သေမှုကို မဖြစ်လိုသော်လည်း မဖြစ်စေရန် အစိုးမရ။ကိုယ်မှာရှိသော်လည်း ကိုယ်ပိုင်မဟုတ်သော အနတ္တသာတည်းဟု သမ္မာဒိဋ္ဌိမဂ်ဉာဏ်ဖြင့် မြင်သိသောအခါ သက္ကာယအတ္တဒိဋ္ဌိ ချုပ်ရလေတော့၏။ ကိုယ့်ဟာမဟုတ်ဟု သိသောကြောင့်ပင်လျှင် လိုချင်မှုတဏှာစိတ် ပျက်လေတော့၏။ထိုကြောင့် ဘဝတဏှာစသည် ချုပ်ရလေတော့၏။ဥပမာ နတ်သွီးထင်၍အချစ်ပုံ၊ဘီလူးမဟုမြင်သိရုံနှင့်ချစ်စိတ်ကုန်ခန်းသကဲ့သို့တည်း။ဤသို့ဝိပဿနာသမ္မာဒိဋ္ဌိ ဟူသော မဂ်အကျင့်ဖြင့် ကိုယ့်အတပ်ကိုဖြေက ကိုယ်အပတ်ပြေသဖြင့် သောတာပန် စသော အရိယာ၏ ခန္ဓာကို ရနိုင်လေတော့၏။ ပုထုဇဉ်ခန္ဓာမှ လွတ်လေတော့၏။ အနုပါဒိသေသ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ခွင့် ရလေတော့၏ ဟူလို။

ရှေး သူတော်ကောင်းတို့သည် ကိုယ်တွေ့ သမုဒယကြောင့် ကိုယ်တွေ့ဒုက္ခတို့နှင့် ကြုံရသည်ကို ငြီးငွေ့သောကြောင့် တဏှာသံယောဇဉ်ကို စွန့်တော်မူကြ၏။

မြတ်စွာဘုရား လက်ထက်က သားသမီး တကျိပ်နှင့် ပစ္စည်းဥစ္စာတို့ကိုစွန့်၍၊ ဝါ၊ သားသမီး ပစ္စည်း ဥစ္စာတို့၌ ခင်တွယ်မှု သံယောဇဉ်ကိုစွန့်၍။ အသက် ၆၀-ကျော်မှ ဘိက္ခုနီမ ရဟန်းပြုသော ဈာန်နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်သော သောဏာထေရီ အရှင်မတို့၏ ဝတ္ထုကို၎င်း။ ပဋာစာရီထေရီ အရှင်မတို့ကဲ့သို့ ချစ်မြတ်နိုးမှုတို့ကြောင့် ဆင်းရဲဒုက္ခတွေ့ကြုံရပုံ၊ မြတ်စွာဘုရား တရားနာရသဖြင့် ထိုချစ်မြတ်နိုးမှု သံယောဇဉ်ကို ပယ်သောကြောင့် ပူပန်သောကမှုတို့မှ လက်ငင်းကင်းလွတ်၍ အရဟတ္တဖိုလ်သို့ ရောက်ပုံကို၎င်း။ ဓောတိက, ဇတိလစသော သူဌေးကြီးတို့၏။ ဗဟိဒ္ဓ စည်းစိမ်ဥစ္စာ၌ ခင်တွယ်မှု၊ အဇ္ဈတ္တ ခန္ဓာ ၅-ပါး၌ ခင်တွယ်မှုတို့ကိုစွန့်၍ ရဟန်းပြုသောကြောင့် နိဗ္ဗာန်မျက်မှောက် ပြုပုံများကို၎င်း။ ဝတ္ထုသက်သေအားဖြင့် ရှု၍ သံဝေဂယူပြီးလျှင်၊ သံယောဇဉ်တို့ကို ပယ်သင့်ကြပေသည်။

တဏှာ သံယောဇဉ်ကြောင့် ဒုက္ခဖြစ်ပုံ၊ ထိုတဏှာ သံယောဇဉ်ကို ပယ်သောကြောင့် ဒုက္ခမှ လွတ်ပုံကို ဓမ္မပဒ ပါဠိတော်အရ ပြဦးအံ့။

ပေမတော ဇာယတိ သောကော၊
ပေမတော ဇာယတိ ဘယံ။
ပေမတော ဝိပ္ပမုတ္တဿ၊
နတ္ထိ သောကော ကုတော ဘယံ။

ဤဂါထာ၏ အနက် အဓိပ္ပါယ်ကို ဝေဘန်က သစ္စာ ၄-ပါး၏ အဓိပ္ပါယ်ပင်တည်း။

ယသာ၊ အကြင်ပုဂ္ဂိုလ်အား။ ပေမတော၊ တဏှာ သံယောဇဉ်ဖြင့် ကာမဂုဏ်ကို ချစ်မြတ်နိုးခြင်းကြောင့်။ ဝါ၊ ငါ-ငါ၏ဥစ္စာဟု တဏှာဒိဋ္ဌိဖြင့် စွဲယူမှုကြောင့်။ သောကော၊ ပူပန်သောကသည်။ ဇာယတိ၊ ဖြစ်၏။ ပေမ တော၊ သားမယား စသည်၌ ချစ်မြတ် နိုးမှုကြောင့်။ ဘယံ၊ စားရေး သောက်ရေး နေရေး ထိုင်ရေး သူတပါး တို့၏ သားမယားကိုထက် အထက်တန်းကျကျ ပြည့် ပြည့်ဝဝ လှလှပပ ရှိစေလိုသဖြင့် နေ့ညဉ့်မရှောင် ပစ္စည်း ဥစ္စာ ရှာမှီးရခြင်းဟူသော ဒုက္ခဘေးသည်။ ဇာယတိ၊ ဖြစ်၏။

ဤ၌ ပစ္စုပ္ပန် သမုဒယသစ္စာ ဒုက္ခသစ္စာ နှစ်ပါးရ၏။ ဤကား ပစ္စုပ္ပန်ကိုယ်တွေ့ သမုဒယကြောင့် ပစ္စုပ္ပန် ကိုယ်တွေ့ ဒုက္ခဖြစ်ပုံ ရှုနည်း ဟူလို။

ပေမတော၊ ချစ်မြတ်နိုးခြင်းမှ။ ဝိပ္ပမုတ္တဿ၊ ကင်း လွတ်သော။ ယဿ၊ အကြင်ပုဂ္ဂိုလ်အား။ ဝါ၊ မဂ်အကျင့် ဖြင့် တဏှာဒိဋ္ဌိ ဟူသော ကိလေသာကို ပယ်သောသူ အား။ ဝါ၊ ချစ်မြတ်နိုးခြင်း၏ အပြစ်အာဒီနဝကို ဝိပဿ နာဖြင့် ကောင်းစွာမြင်သိသဖြင့် ချစ်မြတ်နိုးခြင်းမှ ကင်း လွတ်သောသူအား။ သောကော၊ ပူပန်သောကသည်။ ကုတောအတ္ထိ၊ အဘယ်မှာ ရှိနိုင်တော့အံ့နည်း။ ဘယံ၊

ဘေးသည်။ ကုတောအတွက်၊ အဘယ်မှာ ရှိနိုင်တော့အံ့နည်း။

ဤ၌ မဂ္ဂသစ္စာ၊ နိရောဓသစ္စာ ၂-ပါးရ၏။ ဤကား ပဉ္စုပ္ပန်သမုဒယ ကာမတဏှာ စသည်တို့ကို မဂ်ဖြင့် ပယ်ခြင်းကြောင့် ပဉ္စုပ္ပန်မှာပင် ဒုက္ခချုပ်ပုံတည်း။

ဤသို့ ပစ္စုပ္ပန် သမုဒယကြောင့် ပစ္စုပ္ပန်၌ ဒုက္ခဖြစ်ပုံ ပစ္စုပ္ပန် တဏှာကို ပယ်သဖြင့် ပစ္စုပ္ပန်၌ ဒုက္ခချုပ်ပုံတို့ကို ထောက်သဖြင့်၊ အနာဂတ်၌လည်း သမုဒယကို အကြွင်းမဲ့ ပယ်က ဇာတိ နိရောဓသို့ ရောက်နိုင်၏ဟု နိဗ္ဗာန်ရှိပုံကို ယုံမှားကင်းအပ်၏ ဟူလို။

---

အထက်က အကျယ်ပြဆိုချက်များကို အကျဉ်းအားဖြင့် သိစေခြင်းမှာ—

(၁) အတိတ် သမုဒယကြောင့်၊ ရူပ ဇာတိဒုက္ခ၊ ရူပ ကာမတဏှာ သမုဒယကြောင့်။ ရူပ ဗလဝဒုက္ခ၊ ဤသို့ ဒုက္ခ သမုဒယ ဆက်နေလျှင်—

တနည်း၊ ဤသို့မျိုးစေ့ကြောင့် အပင်၊ အပင်ကြောင့် မျိုးစေ့ ဖြစ်နေပါလျှင်၊ အဘယ်မှာလျှင် ဝဋ်ဒုက္ခ ဆုံးနိုင်တော့မလဲ။

(၂) အတိတ် သမုဒယကြောင့်၊ ရူပ ဒုက္ခ၊ ရူပ မဂ္ဂကြောင့် ရူပ တဏှာနိရောဓ၊ ဤသို့ သမုဒယမျိုး ပြုတ်က၊ ရအပ် အဓာတနိဗ္ဗာန်။

(၃) တနည်း။ ပုထုဇဉ် လူ-နတ် ဗြဟ္မာ ကိုယ့်အတပ် နှင့် ကိုယ်ပတ်၍သာ နေမှုမှတ်သိ။ ဤ၌ ရောင့်ရဲ တင်းတိမ် မှု မရှိသော လောဘပင်ဟူလို။ ယင်းသို့ အထပ်ထပ် ပတ်၍နေပါလျှင်၊ အဘယ်မှာလျှင် ဇာတိစသော ဒုက္ခ တို့မှ လွတ်နိုင်တော့မလဲ။

(၄) အရိယပုဂ္ဂလ အဖြာဖြာ မဂ် အကျင့်ဖြင့် ကိုယ့် အတပ် ကိုယ်ဖြေကာ နေမှုမှတ်သိ။

ယင်းသို့ အတပ်ပြေပါလျှင် အဘယ်မှာလျှင် အပတ် မပြေဘဲ ရှိတော့အံ့နည်း။

ယင်းသို့ အပတ်ပြေခဲ့လျှင်၊ အဘယ်မှာလျှင် ဇာတိ ဇရာ မရဏ အပါယ စသော သံသရာဝဋ်ဒုက္ခတို့မှ မလွတ်ဘဲ ရှိနိုင်တော့မလဲ။

(၅) နိဗ္ဗာန်ချမ်းသာ ဟု ဆိုသည့်တွင်၊ ယင်းသို့ တပ်မှု ပတ်မှု ကင်းသော သဘောကိုပင် မှတ်ဘို့ပါဘဲ။

(၆) တနည်း၊ အတပ်ရှိ၍ အပတ်ဖြာ၊ မတပ်ပါလျှင် ပတ်ခွင့်မရှိ။

(၇) တနည်း။ ဖြစ်လိုမှုကြောင့် ဖြစ်သည့်တာ၊ ဖြစ်လို မှုအား ပယ်ပါလျှင်၊ အဘယ်မှာလျှင် တဘန်ဖြစ်နိုင်တော့ မလဲ။

(၈) တနည်း။ အဖြစ်ရှိ၍ အပျက်သာ၊ မဖြစ်ပါလျှင် ပျက်ခွင့်မရှိ။ ။ထိုကြောင့် မည်သည့် ဘုံဘဝကိုမျှ အလို

မရှိတော့ပါဟု ဤသို့ယခုပယ်စွန့်ပြီ၊ ရမှုသောတာပတ္တိ မဂ္ဂဖလာ။

(၉) မိမိရိက်မှု အဖြာဖြာ၊ မိမိလိမ္မာမှ ရိက်မှန်း သိရှိ။ တနည်း။ မိမိရိက်မှုအဖြာဖြာ၊ သောတာပတ္တိ မင်္ဂညဏ်ရခါမှ ရိက်မှန်းသိရှိ၏။

အဓိပ္ပါယ်ကား။ ။မိမိ၏ ရိက်မှု မလိမ္မာမှုကို သောတာ ပတ္တိမင်္ဂညဏ်ရမှ ရိက်မှန်းသိ၏ ဟူလို။

သတိပြုရန်-သမ္မာသမ္ဗုဒ္ဓ ဆု၊ ပစ္စေကဗောဓိ ဆု၊ အဂ္ဂသာဝက ဆု၊ မဟာသာဝက ဆု၊ ပကတိသာဝက ဆု၊ ဤဆုတို့တွင် ပကတိသာဝက ဆုနှင့်သာလျှင် ဤမြတ်စွာဘုရား သာသနာတော်မှာ ရနိုင်သည်။ ကျန် ဆုများကား ကုန်နေသောကြောင့်ရင်း၊ တနည်း။ အဂ္ဂ သာဝက မဟာသာဝက တို့ကား မြတ်စွာဘုရား လက်ထက်ကပင် ကုန်နေပြီ,ပြီးစီးနေကြပြီဖြစ်၍၊ ယခု နောက်လူများ ရခွင့်မရှိ ဟူလို။

---

## သောတာပန် အမေး အဖြေ

**အမေး။** သောတာပန်ဟူသည် အဘယ်သို့ပါနည်း။

**အဖြေ။** သမုဒယကြောင့်၊ ဖြစ်ထဓာတ်ဒုက္ခ၊ သမု ချုပ်က၊ ထိုထိုဒုက္ခ၊ မုချချုပ်ပြတ်လျှံ၊ လေးရပ် ဤမှု၊ ယုံကြည်က၊ ဖြစ်ထ သောတာပန်။

တနည်း-ဖြစ်လိုမှုကြောင့်၊ ဖြစ်မှုဇာတိဒုက္ခ၊
ဖြစ်ချင်လိုမှု၊ ပယ်စွန့်ပြု၊ ချုပ်မှု ထိုဒုက္ခ၊
လေးရပ်ဤမျှ၊ ယုံကြည်က၊ ဖြစ်ထ သောတာ
ပန်။

တနည်း။ ဖြစ်လျှင်ဒုက္ခ၊ ချုပ်မှ သုခနိဗ္ဗာန်။
ချုပ်ခြင်းအမှု၊ နှစ်သက်ပြု၊ ပြီးမှုမဂ်ကိစ္စ။
ဇာတိ ချုပ်မှုကို နှစ်သက်လျှင် မဂ်ကိစ္စ
လေးပါးပြီး၏ဟူလို။

လေးရပ် ဤမျှ၊ယုံကြည်က၊ ဖြစ်ထ သောတာပန်။

အဓိပ္ပါယ်ကား။ ၁။ ဥပ္ပါဒေါ ဒုက္ခံ၊ ပဝတ္တံ ဒုက္ခံ၊ ဇာတိ ဒုက္ခံ စသဖြင့် ဖြစ်ခြင်းရှိသမျှ သင်္ခါရတရားတို့သည် ပျက်သောကြောင့် ဒုက္ခသစ္စာ သာတည်းဟု ယုံကြည်မှုတရပ်။

၂။ ထိုဒုက္ခ တို့သည်လည်း ဖြစ်လိုသော သမုဒယ တဏှာကြောင့် ဖြစ်၏။ ဥပမာ–ကာမတဏှာကြောင့် ကာမဘုံ၌ ဖြစ်၏။ ရူပတဏှာ ဥပနိဿယဖြင့် ဘာဝနာ အားထုတ်သောကြောင့် ရူပဗြဟ္မာဖြစ်၏။ အရူပတဏှာ ဥပနိဿယဖြင့် အရူပကမ္မဋ္ဌာန်းကြောင့် အရူပဘဝကို ရ၏။ ယင်းသို့ တဏှာ ၃-ပါးကြောင့်ရသော တရားကို စိစစ်သောအခါ သုခ ရမှုမဟုတ်၊ အနိဋ္ဌ ဒုက္ခ အနန္တ ဒုက္ခသစ္စာကိုသာ ရ၏။ ထိုကြောင့် တဏှာ သမုဒယ

အရင်းခံဖြင့် ရရှိကြသော ခန္ဓာတို့ကား သုခကိုမရ၊ ဒုက္ခကိုရ၏ဟု ယုံကြည်မှုတရပ်။

၃။ ကာမတဏှာ ရူပတဏှာ အရူပတဏှာ ဟူသော တဏှာ သုံးပါးချုပ်က ဇာတိစသော ဒုက္ခချုပ်သော ဇာတိ နိရောဓ နိဗ္ဗာန်ရှိ၏ဟု ယုံကြည်မှုတရပ်။

၄။ သမ္မာဒိဋ္ဌိစသော မဂ်ဖြင့် ရုပ်နာမ် ခန္ဓာ သင်္ခါရ တရားတို့၌ ရှိသော အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာကို ရှုက၊ တဏှာကို ချုပ်စေသော မဂ်အကျင့် မဂ္ဂသစ္စာ ရှိ၏ဟု ယုံကြည်မှုတရပ်။ ဤ ၄-ဌာနတို့၌ ယုံမှား ကင်းလျှင် သောတာပန် တည်၏ ဟူလို။

ဘထွေးတော် မဟာနမ်က သောတာပန်တို့၏ ကျင့်ဝတ်သီလ အဘယ်မျှ ရှိပါသနည်းဟု မြတ်စွာဘုရားအား လျှောက်ထား၏။ ထိုအခါ မြတ်စွာဘုရားက လူဥပါသကာ ဥပါသိကာ ဖြစ်ခဲ့လျှင် ပါဏာတိပါတ, အဒိန္နာဒါန, ကာမေသု မိစ္ဆာစာရ, မုသာဝါဒ, သုရာမေရယ ဤငါးပါးသီလ လုံရမည်။ထို့ပြင် သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာမှ ကင်းသောစိတ် ရှိရမည်ဟု ဟောတော်မူ၏ ဟူလို။

ထို့ကြောင့် သားမယားနှင့်နေကြသော ဥပါသကာ ဥပါသိကာတို့မှာ၊ ငါတို့သည် ကာမစ္ဆန္ဒဗျာပါဒ ကိုလည်း မပယ်နိုင်၊ သဒ္ဓါ သဂြိုဟ်ကိုလည်း မသင်နိုင်၊ တောထွက် ရသေ့ ရဟန်းပြု၍ ကမ္မဋ္ဌာန်းမထိုင်နိုင်၊ ထို့ကြောင့် ငါတို့သည် သောတာပန်ဖြစ်နိုင်ခွင့် မရှိဟု အားမလျှော့

ကြပါနှင့်။ သောတာပတ္တိမဂ်ဟူသည် ကာမစ္ဆန္ဒဗျာပါဒ ဥဒ္ဓစ္စတို့ကို ပယ်မှုမဟုတ်ပါ။ ထိုကာမစ္ဆန္ဒ စသည်တို့ကား အထက်မဂ်များ ကိစ္စ ဖြစ်ပါသည်။ သောတာပတ္တိ မဂ်ကိစ္စ မဟုတ်ပါ၊ ဝိသာခါ အနာထပိဏ် စသော ဥပါသကာဥပါသိကာတို့ကို ဥပမာပြုကြစေလိုပါသည်။ သောတာပန်တည်လျှင် အပါယ်ဘေး, သံသရာဘေး တို့မှ ကင်းသော နိဗ္ဗာန်ကို ရပြီးပြီဟု မှတ်ယူကြပါကုန်။

သောတာပန် ပုဂ္ဂိုလ်မှာ ကာမစ္ဆန္ဒ ဗျာပါဒတို့ကို မပယ်ရသေးသော်လည်း ပယ်အပ်သော ကိစ္စရှိသည် အတိုင်း ပယ်ပါမည်ဟု ဆုံးဖြတ်ချက်ရှိပါသည်၊ ပုထုဇဉ် တို့မှာ ပယ်အပ်သောတရားဟူ၍လည်း မသိ၊ ဆုံးဖြတ် ချက်လည်းမရှိ၊ ပယ်လည်း မပယ်ကြပါ။

ထို့ကြောင့် သံသရာမှ လွတ်ရက်မရှိပါ။ အရိယာ တို့မှာ အလုံးစုံ မပယ်နိုင်သေးသော်လည်း ပယ်ပါမည် ဟူသော ဆုံးဖြတ်ချက် ရှိရကား၊ အကယ်၍ သတ္တက္ခတ္တုံ ပရမ သောတာပန် ဖြစ်ဦးတော့၊ ခုနစ်ဘဝထက် ပို၍သန္ဓေ မနေရဟူ၍ ဇာတိနိရောဓ အနုပါဒိသေသ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပါသည် ဟူလို။

သောတာပတ္တိ ဖိုလ်သို့ရောက်သော ပုဂ္ဂိုလ်တို့ ဝမ်း မြောက်ရန် ဂါထာကိုပြဦးအံ့။ ။ပထဗျာ ဧကရဇ္ဇေန၊ သဂ္ဂဿ ဂမနေနဝါ၊ သဗ္ဗလောကာဓိ ပစ္စေန၊ သောတာ ပတ္တိ ဖလံ ဝရံ။ ။ပထဗျာ၊ မြေအပြင်၌။ ဧကရဇ္ဇေနဝါ၊ ဧကရာဇ်မင်း ဖြစ်ရသည်ထက်ဝင်း။ သဂ္ဂဿ၊ နတ်ပြည်

သို့၊ ဂမနေနဝါ၊ လားရောက် စံပျော်ရသည့်ထက်ဝင်း။ သဗ္ဗလောကာဓိ ပစ္စေန၊ ခပ်သိမ်းသော လောကကို အစိုး ရသည့်ထက်ဝင်း။ သောတာပတ္တိ ဖလံ၊ သောတာပတ္တိ ဖိုလ်သည်။ ဝရံ၊ မြတ်၏။ ။အဓိပ္ပါယ်ကား၊ သောတာပန် တည့်လျှင် သားမယားနှင့်နေသော လူဥပါသကာပင် ဖြစ်ဦးတော့၊ ပုထုဇဉ် ပြဟ္မာကြီးထက်မြတ်၏၊ အဘယ် ကြောင့် မြတ်သနည်း။ ပုထုဇဉ် ပြဟ္မာကြီးတို့မှာ အပါယ် ဘေး, သံသရာဘေးကို မတားမြစ်နိုင်ပါ၊ သောတာပန် တည့်က အပါယ်ဘေး, သံသရာဘေးမှ လွတ်ခွင့် ရသော ကြောင့်တည်း။

အထူး သတိပြုကြစေလိုသည်မှာ၊ တရားအားထုတ် ခြင်း၊ ပြောဟောခြင်း ပြုကြရာ၌ အဝိဇ္ဇာ တဏှာမူလ နှစ်ပါးကို ပယ်သတ်မှု ကိစ္စရှိ၏။ ထိုနှစ်ပါးတို့တွင် လူ ဥပါသကာ ဥပါသိကာများအတွက် ကာမရာဂ ဗျာပါဒ ဥဒ္ဒစ္စ ပယ်မှုတို့ကို ပြောဟောခြင်း ကျင့်ခြင်းတို့ကို ရှေးဦး စွာ မပြုသင့်။ အဘယ်ကြောင့်ဆိုသော် မနိုင်သောဝန်ကို အသမ်းခိုင်း သကဲ့သို့၊ တနည်း။ စွမ်းနိုင်ခွင့် မရှိသော ကြောင့်တည်း။

အဝိဇ္ဇာပယ်မှုကား၊တဏှာပယ်မှုကဲ့သို့ ဝန်မလေးပေ။ အဝိဇ္ဇာပယ်မှုဟူသည် သစ္စာမြင်သိအောင် အားထုတ်မှု ပင်တည်း။ သစ္စာမြင်သိအောင် အားထုတ်မှု ဟူသည်၊ သားမယား ဒိုး ဒွိမ် စွန့်မှု၊ ရသေ့ရဟန်းပြုမှု။ကမ္မဋ္ဌာန်း ထိုင်မှု ကိစ္စမျိုး မဟုတ်ပေ။သစ္စာလေးပါးကို မြင်သိသော

ဆရာများထံ ဆည်းကပ် ကြားနာ မှတ်သား၍ အိပ်ရာထဲ မှာပင် ဆင်ခြင်စဉ်းစားဦးတော့၊ သဘောပေါက်ရောက် က မဂ်ကိုရသဖြင့်၊ အဝိဇ္ဇာပယ်မှု ပြီးစီးနိုင်ပါသည် ဟူလို။

ဣတိ ဘဒ္ဒန္တ ရေဝတ နာမထေရေန ရစိတာယံ၊
သစ္စ ဒီပက ကထာနာမော ဂန္ထော နိဋ္ဌိတော။

ဣတိ၊ ဤသည်လျှင်။ ဘဒ္ဒန္တ ရေဝတ နာမထေရေန၊ ဘဒ္ဒန္တရေဝတ အမည်ရှိသော သစ္စ ဒီပက မထေရ်သည်။ ရစိတော၊ စီရင်အပ်သော။ သစ္စ ဒီပက ကထာနာမော၊ သစ္စာ လေးပါးကို ထွန်းလင်း ပြတတ်သောကြောင့် သစ္စ ဒီပက အမည်ရှိသော။ အယံဂန္ထော၊ ဤကျမ်းသည်။ နိဋ္ဌိတော၊ ပြီးပြီ။

၁၃၁၁-ခု ကဆုန်လဆန်း ၁၂-ရက် တနင်္ဂနွေနေ့မှာ

ရေးသားပြီးစီးသည်။ (၈-၅-၄၉)

ဤ ကျမ်း ပြီးစီးသည့်အခါမှာ ကုမ်းပြုပုဂ္ဂိုလ်၏ အသက်မှာ ၈၁-နှစ်ရှိပြီ။

# အလှူရှင်စာရင်း

| ဦးရေ | အလှူရှင်အမည် | အုပ်ရေ |
|---|---|---|
| ၁။ | မဟာသာရေစည်သူ ဦးချမ်းသာ-ဒေါ်သစ်သစ်နှင့်သားသမီးများ ရွှေတောင်ကြား...... | ၅၀၀ |
| ၂။ | ဦးတိုး - ဒေါ်စောကြည်နှင့် သားသမီးများ မကြီးကြီးလမ်း ရန်ကုန် ...... ...... | ၅၀၀ |
| ၃။ | ကိုရဲခေါင်ညွန့် B.SC.BL. မခင်မြင့်ဆွေ ရွှေတောင်ကြား ရန်ကုန် ..... ...... | ၅၀၀ |
| ၄။ | ဦးဘရွှေ အစိုးရရှေ့နေ မင်းဘူး ...... | ၅၀ |
| ၅။ | ဦးလှကျော်-ဒေါ်စိန်သွင် အထက်တန်းရှေ့နေ မင်းဘူး ...... ...... ...... | ၅၀ |
| ၆။ | ဦးအုံးညွန့် မြို့မရဲဝန် မင်းဘူး ...... | ၅၀ |
| ၇။ | ဦးဟန်သိမ်း ဒု-ည-ဝ စသုံးလုံးဌာန ရန်ကုန် | ၅၀ |
| ၈။ | ဦးပါကျင် လ-ည-ဝ စသုံးလုံးဌာန ရန်ကုန် | ၅၀ |
| ၉။ | ဦးသာအောင် စသုံးလုံးဌာန ရန်ကုန် ...... | ၅၀ |
| ၁၀။ | ဒေါ်ရှိန်တင် သားသမီးတစု မင်းဘူး ...... | ၅၀ |
| ၁၁။ | ဒေါ်စိန်ဝင် သားသမီးတစု မင်းဘူး ...... | ၅၀ |
| ၁၂။ | ကိုစန်းမောင်-မစိန်ခင် ပြည်...... ...... | ၅၀ |
| ၁၃။ | ဦးစိန်တင် ပန်းရံဆရာကြီး မင်းဘူး ...... | ၅၀ |
| ၁၄။ | ဦးထွန်းအောင် ရဲဝန်ထောက် မင်းဘူး ...... | ၅၀ |